ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

**ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက်ပုံမှန်အစည်းအဝေး**

(၄၇)ရက်မြောက်နေ့မှတ်တမ်း

**၁၃၇၇ ခုနှစ်၊ ကဆုန်လပြည့်ကျော် ၁၁ ရက်**

**( ၂၀၁၅ ခုနှစ်၊ မေလ ၁၃ ရက် )**

**[ဗုဒ္ဓဟူးနေ့]**

**အချိန်၊ ၁၀း၀၀။**

နေပြည်တော်ရှိ အမျိုးသားလွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ အစီအစဉ်ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ဦးခင်အောင်မြင့် က ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးကြည်မင်း၊ ညွှန်ကြားရေးမှူးချုပ် အမျိုးသားလွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ နေရာယူခြင်း**

**အချိန်၊ ၁၀း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၇)ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ် ခင်ဗျား။

အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း**

**အချိန်၊ ၁၀း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ ဒီကနေ့ ကျင်းပတဲ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့မှာ လွှတ်တော်အခွင့်အရေးကော်မတီရဲ့ တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ကိုယ်စားလှယ်ဦးရေစုစုပေါင်း (၂၁၅)ဦးရှိပြီး ဒီကနေ့ အစည်းအဝေးကို (၁၆၉)ဦး တက်ရောက်ပါတယ်။

အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးရေ စုစုပေါင်း၏ (၇၈.၆၀) ရာခိုင်နှုန်းရှိပြီး တက်ရောက်တဲ့ ကိုယ်စားလှယ်ဦးရေဟာ အစည်းအဝေး အထမြောက်ရန် လိုအပ်တဲ့ ကိုယ်စားလှယ်ဦးရေ သုံးပုံတစ်ပုံထက် ကျော်လွန်တဲ့အတွက် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၄၂ နဲ့ နည်းဥပဒေ ၂၀၊ နည်းဥပဒေခွဲ(ခ)တို့အရ အစည်းအဝေး အထမြောက်ကြောင်းနဲ့ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၁၊ နည်းဥပဒေခွဲ(က)နဲ့(ဂ)တို့အရ အစည်းအဝေး စတင်ကျင်းပကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေး အစီအစဉ် ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ခ)အရ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၇)ရက်မြောက်နေ့ အစီအစဉ်ကို အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များထံ ကြိုတင်ဖြန့်ဝေထားပြီး ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**အချိန်၊ ၁၀း၀၃။**

**ဥက္ကဋ္ဌ**။ ။ ဒီကနေ့ ခွင့်ပန်ကြားတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ စာရင်းကို ဖတ်ကြားတင်ပြပါမယ်။

ဦးမြအုန်း၊ ကချင်(၈)၊ မြန်မာ့ရိုးရာယဉ်ကျေးမှု ဆို၊က၊ရေး၊တီးပြိုင်ပွဲ ဆုချီးမြှင့်ပွဲတက်ရောက်ရန်။ ဦးမန်းအောင်တင်မြင့်၊ ကရင်(၁၂)၊ ဧည့်အတိုင်း။ ဦးဆွေအောင်၊ ရန်ကုန်(၁၂)၊ ဧည့်အတိုင်း။ ဒေါက်တာမြတ်ဉာဏစိုး၊ ရန်ကုန်(၄)၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး။ ဦးစိုးမြင့်၊ မကွေး(၆)၊ ဧည့်အတိုင်း။ ဦးတင်ယု၊ ရန်ကုန်(၁၁)၊ ဧည့်အတိုင်း။ ဦးတင်မြ၊ စစ်ကိုင်း(၇)၊ ဧည့်အတိုင်း။ ဦးမိုးမြင့်၊ တနင်္သာရီ(၇)၊ ဧည့်အတိုင်း။ ဦးမောင်အေးထွန်း၊ ရခိုင်(၉)၊ ဧည့်အတိုင်း။ ဦးစိုင်းတင်အောင်၊ ကချင်(၅)၊ ဧည့်အတိုင်း။ ဗိုလ်မှူးကြီးခင်စိုး၊ တပ်မတော်၊ ဧည့်အတိုင်း။ ဦးဝင်းမောင်၊ မန္တလေး(၄)၊ ကျန်းမာရေး။ ဦးမြင့်လှိုင်၊ ရခိုင်(၁၂)၊ ဆို၊ က၊ ရေး၊ တီး ဆုပေးပွဲ။ ဦးဖိုးဇော်၊ ပဲခူး(၂)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဒေါ်ခင်ဝိုင်းကြည်၊ ရန်ကုန်(၁)၊ ဆို၊ က၊ ရေး၊ တီး ဆုချီးမြှင့်ပွဲ။ ဦးစိုးဟန်လင်း၊ ဧရာဝတီ(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးဝင်းနိုင်ရှိန်၊ ပဲခူး(၅)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးစိုင်းကျော်ဇောသန်း၊ ရှမ်း(၂)၊ ကျန်းမာရေး။ ဦးကြည်ထွန်း၊ မကွေး(၁)၊ ဒေသဖွံ့ဖြိုးရေး။ ဦးကျားမောင်၊ တနင်္သာရီ(၈)၊ ဒေသဖွံ့ဖြိုးရေး။ ဦးတင်မောင်ဝင်း၊ မန္တလေး(၃)၊ ဆို၊ က၊ ရေး၊ တီး ဆုချီးမြှင့်ပွဲ။ ဦးပေါလ်ထန်ထိုင်း၊ ချင်း(၃)၊ ကျန်းမာရေး။ ဦးဌေးဝင်း၊ ရခိုင်(၇)၊ ကိုယ်တိုင်ဆောင်ရွက်ရန်တို့ ဖြစ်ပါတယ်။

ယခု တင်ပြခဲ့တဲ့ ခွင့်ပန်ကြားချက်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် ခွင့်ပန်ကြားချက်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

## အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**အချိန်၊ ၁၀း၀၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက်နေ့ကို တက်ရောက်ခွင့်ရှိတဲ့ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်ဦးရေမှာ(၂၁၅)ဦး၊ ယခင်က ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃) ဦး၊ ယနေ့ ခွင့်ပန်ကြားသဖြင့် ခွင့်ပြုထားသူ (၂၃)ဦးဖြစ်၍ အမျိုးသားလွှတ်တော်က စုစုပေါင်း ခွင့်ပြုထားသူ(၄၆)ဦး ဖြစ်ပြီး ခွင့်မဲ့ပျက်ကွက်သူ မရှိပါ။

အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၄၊ နည်းဥပဒေခွဲ(ဂ)၊ နည်းဥပဒေခွဲငယ်(၂)အရ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်ရဲ့ အတည်ပြုချက် ရယူပါမယ်။

အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှု အခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က အတည်ပြုပါသည်။]

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို အမျိုးသားလွှတ်တော်က အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။

## ကြယ်ပွင့်ပြထားသည့် မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၅)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များ ခင်ဗျား။ လွှတ်တော်သို့ လွှတ်တော်ကိုယ်စားလှယ်များ မေးမြန်းထားတဲ့ ကြယ်ပွင့်ပြထားတဲ့ မေးခွန်းတွေကို မေးမြန်းခြင်းနဲ့ ဖြေကြားခြင်း အစီအစဉ် ဆောင်ရွက်မှာ ဖြစ်ပါတယ်။

## မတူပီမြို့နယ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်းဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း

**အချိန်၊ ၁၀း၀၆။**

**ဥက္ကဋ္ဌ**။ ။ ယခု ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)မှ ဦးပေါ်လျှံလွင် က မတူပီမြို့နယ်တွင် အစိုးရနည်းပညာ အထက်တန်းကျောင်း ဖွင့်လှစ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၆။**

**ဦးပေါ်လျှံလွင်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)။** ။ အားလုံးမင်္ဂလာပါ။ ရိုသေလေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီး၊ ပြည်ထောင်စုဒုတိယဝန်ကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်နှလုံးအေးချမ်းကြပါစေလို့ ဂါရဝပြု နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ ချင်းပြည်နယ် အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင် ဖြစ်ပါတယ်။ ကျွန်တော် မေးမြန်းမယ့် မေးခွန်းကတော့ ချင်းပြည်နယ် မတူပီမြို့၌ အစိုးရနည်းပညာ အထက်တန်းကျောင်း ထားပေးနိုင်ရေး ရှိ/မရှိ မေးခွန်းပဲဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ချင်းပြည်နယ် မတူပီမြို့သည် ချင်းပြည်နယ်၏ တောင်ပိုင်း၌ရှိသော မြို့တစ်မြို့ ဖြစ်ပါတယ်။ ယခင် အစိုးရ ချင်းပြည်နယ်၏ ဒုတိယမြို့တော်အဖြစ် သတ်မှတ်၍ ဒုတိယဥက္ကဋ္ဌ ချင်းပြည်နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ရုံးထိုင်သောမြို့ဖြစ်သည့် အပြင် ဗျူဟာရုံးနှင့် တပ်မတော်တပ်ရင်း (၂)ရင်းရှိသော မြို့ဖြစ်ပါတယ်။ ယခုအခါ ပလက်ဝမြို့နှင့် မတူပီမြို့တို့အား ဆက်သွယ်သော မော်တော်ကားလမ်းလည်း ပေါက်ရောက်ပြီဖြစ်၍ ပလက်ဝမြို့နယ်၊ ဆမီးမြို့၊ ရေဇွာမြို့၊ မင်းတပ်မြို့နှင့် ကန်ပက်လက်မြို့များ၏ အလယ်ဗဟိုတွင် ကျပါသည်။ ယင်းဒေသ (၄)မြို့နယ်၌ လူဦးရေအားဖြင့် နှစ်သိန်းခန့်ရှိပါတယ်။ သို့ပါ၍ မတူပီမြို့၌ အစိုးရနည်းပညာ အထက်တန်းကျောင်း ထားပေးနိုင်ရန် အစီအစဉ် ရှိ/မရှိကို ရိုသေစွာ မေးမြန်းအပ်ပါတယ်။

**အချိန်၊ ၁၀း၀၈။**

**ဥက္ကဋ္ဌ။** ။ မေးခွန်းနဲ့ပတ်သက်ပြီး သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီးက ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၀၈။**

**ဒေါက်တာကိုကိုဦး(ပြည်ထောင်စုဝန်ကြီး၊ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးနှင့်တကွ ယခု အစည်းအဝေးကို တက်ရောက်လာကြတဲ့ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ကြီးများအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာကြပါစေကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါတယ်။ ကျွန်တော်ကတော့ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဒေါက်တာကိုကိုဦး ဖြစ်ပါတယ်။

ဒီပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးတွင် ရှင်းလင်းဆွေးနွေးနိုင်ရန် ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၉) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးပေါ်လျှံလွင်မှ ကြယ်ပွင့်ပြမေးခွန်း မေးမြန်းလာပါတယ်။ အဆိုပါမေးခွန်းနှင့်စပ်လျဉ်း၍ သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနက ပြန်လည်ရှင်းလင်းဖြေကြား တင်ပြသွားမှာ ဖြစ်ပါတယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနဟာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးမှာ အရည်အချင်းပြည့်ဝသည့် ကျွမ်းကျင်ပညာရှင်များ မွေးထုတ်ပေးနိုင်ရေး အထောက်အကူပြုစေရန် ရည်ရွယ်ပြီး ချင်းပြည်နယ်တွင် အစိုးရစက်မှုလက်မှုသိပ္ပံ (ဟားခါး)၊ အစိုးရနည်းပညာအထက်တန်းကျောင်း (မင်းတပ်)၊ အစိုးရနည်းပညာအထက်တန်းကျောင်း(တီးတိန်) တို့အား ဖွင့်လှစ်ဆောင်ရွက်လျက်ရှိပါ တယ်။

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနအနေဖြင့် တိုင်းဒေသကြီးနှင့် ပြည်နယ်များမှာရှိတဲ့ ကျောင်းများ ဖွင့်လှစ်ရေးနှင့် စပ်လျဉ်း၍ ဒေသတွင်းရှိ လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးရေး အစီအစဉ်များ၊ စီးပွားရေး စီမံကိန်းစနစ် အစီအစဉ်များနှင့်အညီ လိုအပ်ချက်အရ ဖွင့်လှစ်သည့် အစီအစဉ် (Demand Driven Approach) ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ချင်းပြည်နယ် မတူပီမြို့တွင် အစိုးရနည်းပညာအထက်တန်းကျောင်း ဖွင့်လှစ်ရန် ၂၀၁၅-၂၀၁၆ ခုနှစ်၊ ဘဏ္ဍာရေးနှစ်တွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဥပဒေများတွင် ပါဝင်ခြင်း မရှိသေး ပါသဖြင့် လက်ရှိအခြေအနေတွင် ဖွင့်လှစ်ပေးနိုင်ခြင်း မရှိသေးပါကြောင်း တင်ပြအပ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး လွှတ်တော်ကိုယ်စားလှယ်ငါးဦး မေးမြန်းမယ့် မေးခွန်းများဟာ ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီး တစ်ဦးတည်းကဖြေကြားရမည့် မေးခွန်းများဖြစ်ပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များက သက်ဆိုင်ရာ မေးခွန်းတွေကို တစ်ဆက်တည်းမေးမြန်းပြီးမှ ဒုတိယဝန်ကြီး က တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ချောက်မြို့နယ်၊ ဝက်ဘာကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၀၉။**

**ဥက္ကဋ္ဌ။** ။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ ဦးအောင်ငြိမ်း က ချောက်မြို့နယ်၊ ဝက်ဘာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ကို အခြေခံပညာ အလယ်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၀၉။**

**ဦးအောင်ငြိမ်း၊ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုဒုတိယဝန်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါလို့ ဦးစွာ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်း ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းလိုတဲ့ မေးခွန်း ကတော့ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်၊ ဝက်ဘာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ) အား အခြေခံပညာအလယ်တန်းကျောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးနိုင်ခြင်း ရှိ/မရှိ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မကွေးတိုင်းဒေသကြီး ချောက်မြို့နယ်၊ ဝက်ဘာ ကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)ဟာ ချောက်မြို့နဲ့ စလေမြို့တို့မှ (၂၇)မိုင်ခန့်အကွာမှာ တည်ရှိပါတယ်။ လက်ရှိကျောင်းသားဦးရေအနေနဲ့ မူလတန်းအဆင့်(၃၀၆)ဦး၊ အလယ်တန်းအဆင့် (၁၁၂)ဦး စုစုပေါင်း(၄၁၈)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးပါက အဆိုပါကျောင်းသို့ တက်ရောက်ရန်အတွက် ပတ်ဝန်းကျင်ကျေးရွာများဖြစ်တဲ့ တောင်ဘလူ၊ မကျီးကန်၊ စလင်းတောင်၊ သာစည်ကျေးရွာများမှ ကျောင်းသား/ကျောင်းသူ (၂၃၈)ဦး ဟာ လည်း ဆက်လက်ပညာသင်ကြားခွင့် ရရှိမှာဖြစ်ပါတယ်။

ဝက်ဘာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)တွင် ပဥ္စမတန်းမှ အဋ္ဌမတန်းအထိ ပညာသင်ကြားလျက်ရှိပြီး ပင်မကျောင်းဖြစ်တဲ့ အထက(ခွဲ)ပခန်းငယ်ရွာနှင့် (၆)မိုင်ကျော်ကွာဝေးပြီး ကျောင်းသားဦးရေ တိုးတက်များပြားလာခြင်း၊ ကျောင်းအဆောက်အဦ ကောင်းမွန်၍ စာသင်ခန်း လုံလောက်စွာရှိခြင်း၊ ကျောင်းပရိဘောဂပြည့်စုံပြီး အားကစားကွင်းရှိခြင်း၊ ကျေးရွာလူထု မိဘပြည်သူများမှ ပညာရေးဖွံ့ဖြိုးတိုးတက်ရေးကို လိုလားမှုရှိခြင်း၊ ပဥ္စမတန်းမှအဋ္ဌမတန်းအထိ ကျောင်းသား၊ ကျောင်းသူ ဦးရေ(၁၁၂)ဦးရှိခြင်း၊ အရန်ကျောင်းများဖြစ်တဲ့ အခြေခံပညာ မူလတန်းကျောင်း (မကျီးကန်-ညောင်ရွာ) အခြေခံပညာ မူလလွန်ကျောင်း (ပွင့်လင်းရွာ)၊ အခြေခံပညာ မူလလွန်ကျောင်း ( ညောင်ချောင်းရွာ)မှ ကျောင်းသား၊ ကျောင်းသူများဟာ လက်ရှိ ဝက်ဘာအခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)မှာ နေ့ချင်းပြန် တက်ရောက်လျက်ရှိခြင်းတို့ကြောင့် အခြေခံပညာ အလယ်တန်းကျောင်းအဆင့်သို့ အမှန်တကယ် တိုးမြှင့်ဖွင့်လှစ်ပေးသင့်ကြောင်း တင်ပြအပ်ပါတယ်။

အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့် တိုးမြှင့်ပေးနိုင်ရေးအတွက်လည်း ပင်မ ကျောင်းဖြစ်တဲ့ ပခန်းငယ် အခြေခံပညာ အထက်တန်းကျောင်းခွဲ ကျောင်းအုပ်ကြီး၏ ထောက်ခံချက်၊ အခြေစိုက် ကျောင်းအုပ်ကြီး၏ တင်ပြချက်၊ ကျေးရွာအုပ်ချုပ်ရေးမှူး၏ တင်ပြချက်၊ မြို့နယ်ပညာရေးမှူး၏ ထောက်ခံချက်/ ကွင်းဆင်းစစ်ဆေးတွေ့ရှိချက်၊ မြို့နယ်အုပ်ချုပ်ရေးမှူး၊ အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန၏ ထောက်ခံချက်တို့နှင့်အတူ ချောက်မြို့နယ် ပညာရေးမှူးရုံး၏ ၇-၁၁-၂၀၁၄ ရက်စွဲပါ စာအမှတ်- ၆၈/ဦး ၁/ ၇၇၆/၂၀၁၄ ဖြင့် ညွှန်ကြားရေးမှူး၊ မကွေးတိုင်းဒေသကြီး ပညာရေးညွှန်ကြားရေး မှူးရုံးသို့ တင်ပြထားပြီးလည်းဖြစ်ပါတယ်။ အဆိုပါ ကျောင်းရဲ့ အဆင့်တိုးမြှင့်ပေးနိုင်ရေး အဆိုပြုလွှာနှင့် တကွ ပူးတွဲတင်ပြထားခဲ့ပါတယ်။

သို့ပါ၍ ချောက်မြို့နယ်၊ ဝက်ဘာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရေးအတွက် ဒေသခံ ပြည်သူလူထု ကိုယ်စား အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် အောက်ပါမေးခွန်းများကို မေးမြန်းအပ် ပါတယ်။
(၁) ချောက်မြို့နယ်၊ ဝက်ဘာကျေးရွာ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာ အလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်လှစ်ပေးနိုင်ရန် အစီအစဉ် ရှိ/မရှိ။ (၂) ရှိပါက မည်သည့် ပညာသင်နှစ်မှစ၍ အဆင့်တိုးမြှင့်ဖွင့်လှစ်ပေးမည်တို့ကို သိရှိလိုပါသဖြင့် ဒေသခံ ပြည်သူလူထု ကိုယ်စား မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။

**မိတ္ထီလာမြို့နယ်၊ ရေဝေအခြေခံပညာ အထက်တန်းကျောင်းတွင် တိုးချဲ့ RC နှစ်ထပ်စာသင်ဆောင် (၂၀၀ x ၃၀) ပေ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၃။**

**ဥက္ကဋ္ဌ။** ။ ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ ဦးစိုးအောင် က မိတ္ထီလာမြို့နယ်၊ ရေဝေအခြေခံပညာ အထက်တန်းကျောင်းတွင် တိုးချဲ့ RC နှစ်ထပ်စာသင်ဆောင် (၂၀၀ x ၃၀)ပေ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်းမေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၃။**

**ဦးစိုးအောင်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ကြွရောက်လာသော ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင် ဒုတိယဝန်ကြီး၊ ဖိတ်ကြားထားသော ဧည့်သည်တော် ကော်မရှင်အဖွဲ့ဝင်၊ ပညာရှင်ကြီးများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး စိတ်၏ချမ်းသာခြင်း၊ ကိုယ်၏ကျန်းမာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုတောင်းမေတ္တာ ပို့သရင်း မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ် ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မိတ္ထီလာမြို့နယ်၊ ရေဝေအခြေခံပညာ အထက်တန်းကျောင်းတွင် တိုးချဲ့ RC နှစ်ထပ်စာသင်ဆောင် (၂၀၀ x ၃၀)ပေ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ပတ်သက်၍ မေးမြန်းသွားမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ မေးခွန်းပါ ရေဝေအခြေခံပညာ အထက်တန်းကျောင်းတွင် ကျောင်းသူကျောင်းသား မူလတန်းကျောင်း ကျောင်းသူကျောင်းသား(၃၃၅)ဦး၊ အလယ်တန်း ကျောင်းသူကျောင်းသား(၇၈၇)ဦး၊ အထက်တန်း(၂၇၃)ဦး စုစုပေါင်း(၁၃၉၅)ဦး ပညာသင်ကြားလျက်ရှိပါတယ်။ အဆိုပါ ရေဝေအခြေခံပညာ အထက်တန်းကျောင်းလက်အောက်တွင် အလယ်တန်းကျောင်းခွဲ(၃)ကျောင်း၊ မူလတန်းလွန်ကျောင်း(၅)ကျောင်းရှိပြီး ကျောင်းသားကျောင်းသူ (၇၀၀)ကျော် တွဲဖက်၍ ပညာသင်ကြားလျက်ရှိပါတယ်။

အဆိုပါ ရေဝေအခြေခံပညာ အထက်တန်း ကျောင်းတွင် မူလတန်းကျောင်းအဆင့် (၆၀)ပေ၊ (၁၇)ပေ၊ (၁၆)ပေရှိ ယာယီစာသင်ဆောင်များဖြစ်သည့် သံလွင်ဆောင်၊ ချင်းတွင်းဆောင်၊ မြစ်သာဆောင်၊ စစ်တောင်းဆောင်နှင့် ဒုဋ္ဌဝတီဆောင်များကို ၁၉၉၈ မှ ယနေ့ထိ သွပ်မိုး၊ ထရံကာဖြင့် တည်ဆောက်ကာ နှစ်စဉ် ယနေ့ထိ ပြုပြင်၍ ပညာသင်ကြားခဲ့ရပါတယ်။ မိတ္ထီလာမြို့နယ်၊ ရေဝေကျေးရွာရှိ ကျောင်းသားမိဘများ၏ စီးပွားရေးအခြေအနေမှာ မိုးခေါင်ရေရှား အရပ်တွင်ရှိပြီး မိုးမျှော်၍ စိုက်ပျိုးရေးလုပ်ကိုင်နေရပါသောကြောင့် ကျောင်း၏လိုအပ်ချက်များကို ပြည့်စုံစွာ ထောက်ပံ့ပေးနိုင်ခြင်း မရှိပါ။

သို့သော် မိဘပြည်သူများသည် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ယာယီဆောင်တစ်ဆောင်ဖြစ်သော ဒုဋ္ဌဝတီ(၂)ခန်းတွဲကို (၃၀) ပေ၊ (၉၀) ပေအဖြစ် တိုးချဲ့ပြုပြင်၍ ကိုယ်ထူကိုယ်ထဖြင့် ဆောက်လုပ်ပေးဆဲရှိပါတယ်။ ၂၀၁၄-၂၀၁၅ ပညာသင်နှစ်တွင် ရပ်ရွာရှိ စတုတ္ထတန်းအောင် ကျောင်းသူ၊ ကျောင်းသား (၅၄)ဦးရှိပြီး၊ ပဥ္စမတန်းကျောင်းသား၊ ကျောင်းသူ (၂၂၇)ဦးရှိပါတယ်။ ထို့ကြောင့် ပဥ္စမတန်းသို့ တက်ရောက်လာမည့် ကျောင်းသူ၊ ကျောင်းသားများ အတွက် စာသင်ခန်း(၂)ခန်း သို့မဟုတ် (၃)ခန်း နှစ်စဉ် လိုအပ်လျက်ရှိပါတယ်။ စာသင်ခန်း မလုံလောက်ပါသဖြင့် စာသင်ခန်းတစ်ခန်းတွင် ကျောင်းသား၊ ကျောင်းသူ (၆၀)နဲ့(၇၀)ကြား ထည့်သွင်း၍ ပညာသင်ကြားနေရပါတယ်။ ထိုကဲ့သို့ဖြစ်နေ၍ သင်ကြား သင်ယူမှုအပိုင်းတွင် ထိရောက်သော အောင်မြင်မှုနည်းပါးခဲ့ရပါတယ်။ သတ္တမတန်းအောင်နဲ့ အဋ္ဌမတန်း အောင် ကျောင်းသားကျောင်းသူများအတွက်လည်း စာသင်ခန်း(၂)ခန်း နှစ်စဉ် လိုအပ်လျက်ရှိပါတယ်။

သို့ဖြစ်ပါ၍ ရေဝေအထကရှိ ယာယီကျောင်းဆောင်များအား နှစ်စဉ်ပြုပြင်ရခြင်းမှ ကင်းဝေးစေရန်လည်းကောင်း၊ စာသင်ခန်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် လည်းကောင်း၊ ကျောင်းသူ

ကျောင်းသားများ အေးချမ်းပျော်ရွှင်စွာ ပညာသင်ကြားနိုင်ရန်လည်းကောင်း၊ မိတ္ထီလာမြို့နယ်၊ ရေဝေအထက်တန်းကျောင်းကို ရေဝေအထက်တန်းကျောင်း တိုးချဲ့စာသင်ဆောင် (၂၀၀ x ၃၀)ပေ RC နှစ်ထပ်စာသင်ဆောင်ကို တိုးချဲ့ ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ ရှိပါက မည်သည့် ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပေးမည်ကို သိရှိလိုပါသဖြင့် ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**စာမေးပွဲဖြေဆိုမည့် ကျောင်းသား/သူများကို ကျောင်းဝင်းအတွင်း ကြိုတင်ဝင်ရောက်ခွင့် ပြုပေးပါရန်နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၁၇။**

**ဥက္ကဋ္ဌ**။ ။ ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)မှ ဦးဖုန်းမြင့်အောင် က စာမေးပွဲဖြေဆိုမည့် ကျောင်းသား/သူများကို ကျောင်းဝင်းအတွင်း ကြိုတင်ဝင်ရောက်ခွင့်ပြုပေးပါရန်နဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၁၇။**

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနေ့ FM Radio တစ်ခုကို ဖွင့်ကြည့်မယ်ဆိုလို့ရှိရင် ရန်ကုန်မြို့ရဲ့ ဘယ်နေရာမှာ ယာဉ်ကြောတွေ ပိတ်ဆို့နေမယ်ဆိုတာကို မကြာမကြာ ကြားရမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ လာမယ့်ဇွန်လ ကျောင်းဖွင့်ရာသီ ရောက်လို့ရှိရင်တော့ ဒီရန်ကုန်မြို့ရဲ့ ဘယ်ကျောင်းက ကျောင်းဆင်း/ကျောင်းတက်ချိန်ကြောင့် ယာဉ်ကြောတွေ ပိုမိုရှုပ်ထွေးနေပြီဆိုတာကို ကြားရမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းတစ်ခုမှာ ကျောင်းသား၊ ကျောင်းသူတွေ ဝင်ထွက်နေတဲ့အတွက် ဒီကျောင်းသား၊ ကျောင်းသူတွေကို လာပို့တဲ့ စက်ဘီး၊ ဆိုက်ကား၊ ကိုယ်ပိုင်ကားတွေ၊ ဖယ်ရီကားတွေ၊ နောက် ကျောင်းရှေ့မှာရှိတဲ့ ဈေးသည်၊ မုန့်သည်၊ အရုပ်သည်တွေ နောက် ကျောင်းသားတွေကို လာပို့တဲ့ ဦးဦး ကိုကို ဒေါ်ဒေါ် မမ နဲ့ မာမီရှိုးတွေက ကျောင်းရှေ့မှာ အပြည့်ပါ။

ထို့ကြောင့် ကျောင်းတွေက ရန်ကုန်မြို့ရဲ့ ယာဉ်ကြောပိတ်ဆို့မှုဟာ ကျောင်းဝင်ကျောင်းထွက် ကိစ္စတွေကြောင့် ပိုပြီးတော့ ပိတ်ဆို့မှုဖြစ်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဒီနှစ် အစိုးရက စတုတ္ထတန်းနဲ့ အဋ္ဌမတန်းကို အစိုးရစစ်လုပ်ပါတယ်။ လုပ်တဲ့အခါမှာ သတ်မှတ်တဲ့ကျောင်းမှာ မဖြေဆိုရဘဲနဲ့ ဘုံကျောင်းတစ်ခုမှာသွားပြီးတော့ ကိုယ့်ကျောင်းမှာ မဖြေရဘဲနဲ့ ဘုံကျောင်းတစ်ခုမှာ သွားဖြေရပါတယ်။ ဒါကြောင့် နဂိုကတည်းက ပိတ်နေတဲ့ကျောင်းတွေက ဘုံကျောင်းရှေ့မှာဆိုရင်ပိုပြီးတော့ ပိတ်ဆို့မှုတွေဖြစ်ခဲ့ တာကို တွေ့ရပါတယ်။

ဒါပေမဲ့ ဒီ စာမေးပွဲဖြေဖို့လာတဲ့ ကျောင်းသူကျောင်းသားတွေကို ကျောင်းဝင်းတံခါးကြီးက ဖွင့်မထားပါဘူး။ ကျောင်းဝင်းတံခါးကြီးကို ပိတ်ထားပါတယ်။ ကျောင်းဝင်းတံခါးကြီးက ဘယ်ချိန်လောက်မှ ဖွင့်ထားလည်းဆိုရင် စာမေးပွဲဖြေဆိုခါနီး(၁၅)မိနစ်၊ မိနစ်(၂၀)အလိုမှ ဖွင့်တာကို တွေ့ရပါတယ်။ ဒါကြောင့် ကျွန်တော် သက်ဆိုင်ရာ အဲဒီမှာရှိတဲ့ ကျောင်းရှေ့မှာ ပိတ်ဆို့နေတဲ့အတွက် သက်ဆိုင်ရာ ကျောင်းက တာဝန်ရှိသူတွေကိုဝင်ပြီး စုံစမ်းမေးမြန်းကြည့်တဲ့အခါမှာ သူတို့က ဒီမေးခွန်းတွေဟာ စတုတ္ထတန်းနဲ့ ဒီ အဋ္ဌမတန်းမေးခွန်းတွေက အစိုးရစစ်ဖြစ်တဲ့အတွက် မေးခွန်းလုံခြုံရေးအရဆိုပြီးတော့

ဒီဆရာမကြီးက ဒီ စာဖြေခါနီး နာရီဝက်လိုကျမှ သူက သက်ဆိုင်ရာ ဆရာမတွေခေါ်ပြီးတော့ သူက briefing ပေးတယ်။ မေးခွန်းဖောက်တယ်၊ ဝေတာတွေလုပ်ပါတယ်။ ဒါတွေအားလုံးလုပ်ပြီးလို့ရှိရင် စာမေးပွဲဖြေခါနီး (၁၅)မိနစ်လောက်မှာ သူတို့ကိစ္စ သူတို့လုပ်စရာရှိတာလုပ်ပြီးတော့မှ ကျောင်းဝင်း တံခါးကို ဖွင့်ပေးတာပါ။

ဒါကြောင့် ဒီကျောင်းသားတွေဟာ အဲဒီတော့မှ ကျောင်းဝင်းထဲကို အပြေးအလွှားဝင်ရောက် ပြီးလို့ရှိရင် သက်ဆိုင်ရာခုံနံပါတ်တွေရှာရ အဲဒီလို စိတ်မသက်မသာဖြစ်တာတွေ့ရပါတယ်။ ဒါနဲ့ ပတ်သက် လို့ ကျွန်တော်က ဒီလိုဖြေတာကြီးကတော့ မဖြစ်ဘူးလို့ဆိုပြီးတော့ သက်ဆိုင်ရာ အခြေခံပညာ(၃) က အဆင့်မြင့်တာဝန်ရှိတဲ့လူတွေကို သွားတွေ့ပါတယ်။ တွေ့တဲ့အခါမှာလည်း သူတို့ဘက်ကလည်း မေးခွန်း လုံခြုံရေးကိစ္စနဲ့ ပတ်သက်လို့ လိုအပ်တဲ့အစီအမံတွေ ဆောင်ရွက်တာဖြစ်တယ်ဆိုတဲ့အတွက် ဒီကျောင်းသားတွေ အပြင်မှာ လမ်းပေါ်မှာ နေနေရတဲ့ကိစ္စကို ဖြေရှင်းပေးနိုင်ခြင်း မရှိပါဘူး။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်လည်း အခြေခံပညာကို သင်ရပါတယ်။ ကျွန်တော်တို့ ခေတ်က အခြေခံပညာမှာဆိုလို့ရှိရင် ကျွန်တော်တို့ ဘယ်အချိန်မှာကျောင်းကိုဝင်ဝင် ဝင်လို့ရပါတယ်။ ကျောင်းထဲ မှာ သီးသန့်နေလို့ရပါတယ်။ ဆရာဆရာမတွေက လိုအပ်တဲ့အစီအစဉ်လုပ်ပြီးလို့ ခေါင်းလောင်းထိုးတဲ့ အခါမှာ သက်ဆိုင်ရာ အခန်းကို သွားရတာဖြစ်ပါတယ်။ အခန်းတံခါးကိုပိတ်ထား ပြီးတော့မှ လုံခြုံရေးယူ လို့ရပါတယ်။ အဓိက ကျွန်တော်တင်ပြချင်တာက ဒီစာမေးပွဲဖြေမယ့် ကျောင်းသူကျောင်းသူတွေဟာ ဒီကျောင်းဝင်းတစ်နေရာမှာ သီးသန့်ထားပါ။ ထားပြီးတော့မှ ပြီးလို့ရှိရင် လိုအပ်တဲ့ မေးခွန်းပိုင်း ဆိုင်ရာ လုံခြုံရေးလုပ်ပြီးတော့မှ သီးခြားလုပ်ပြီးမှ သတ်မှတ်တဲ့အခန်းကို ခေါ်လို့လည်းရပါတယ်ခင်ဗျား။ ဒီလိုအစီအစဉ်နဲ့လုပ်ပေးလို့ရပါတယ်။ ဒါပေမဲ့ ပညာရေးဌာနက လူတွေဟာ သူတို့ရဲ့တာဝန်နဲ့ လုပ်ပိုင် ခွင့်ထက် တာဝန်နဲ့လုပ်ပိုင်ခွင့်ကို ပိုပြီးအရေးထားပြီးတော့ ကျောင်းသား၊ ကျောင်းသူတွေ၊ မိဘတွေ အပြင်မှာ ဒုက္ခရောက်နေတာတွေ၊ လမ်းသွားလမ်းလာတွေ ပိတ်ဆို့နေတာတွေကို သူတို့ထည့်သွင်း စဥ်းစားခြင်း မရှိတဲ့အတွက် ဒါကိုကျွန်တော် တင်ပြမေးမြန်းရခြင်း ဖြစ်ပါတယ်။ ဒါကြောင့် စာမေးပွဲ ဖြေဆိုတဲ့ကျောင်းသူ၊ ကျောင်းသားတွေကို စာမေးပွဲမဖြေခင် တစ်နာရီလောက်အလိုမှာ ကျောင်းဝင်း အတွင်း ဝင်ရောက်ခွင့်ပြုနိုင်ပါရန် မေးမြန်းအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ပညာရေးဝန်ကြီးဌာနအနေဖြင့် အန္တရာယ်ရှိသည့် ကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းများအား အမှန်တကယ် ပြုပြင်ရန် လိုအပ်မှုရှိ/မရှိကို သက်ဆိုင်ရာမြို့နယ် ကော်မတီများ၊ သက်ဆိုင်ရာ တိုင်း ဒေသကြီး၊ ပြည်နယ်အစိုးရ များနှင့် ပေါင်းစပ်ညှိနှိုင်းစိစစ်ပြီး ဦးစားပေးသတ်မှတ်ချက်အရ ၂၀၁၅- ၂၀၁၆ ဘဏ္ဍာရေးနှစ် လျာထားချက်တွင် ပြုပြင်ရန်မည်သို့ စီမံဆောင်ရွက် ထားရှိသည်ကို သိရှိလိုခြင်း နှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင် ပြုပြင်ရန် မပါရှိသော အန္တရာယ်ရှိကျောင်းနှင့် ဥပဓိရုပ်မကောင်း သည့် ကျောင်းများအား ဆက်လက်၍ ပြုပြင်ရန် အစီအစဉ် ရှိ/မရှိနှင့် မည်သို့စီမံလျာထားသည်ကို သိရှိလိုခြင်းနှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၀။**

**ဥက္ကဋ္ဌ။** ။ တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူး မျိုးထွန်းအောင် က ပညာရေးဝန်ကြီးဌာနအနေဖြင့် အန္တရာယ်ရှိသည့်ကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းများအား အမှန်တကယ်ပြုပြင်ရန် လိုအပ်မှု ရှိ/မရှိကို သက်ဆိုင်ရာမြို့နယ် ကော်မတီများ၊ သက်ဆိုင်ရာတိုင်း

ဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းစိစစ်ပြီး ဦးစားပေးသတ်မှတ်ချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လျာထားချက်တွင် ပြုပြင်ရန်မည်သို့ စီမံဆောင်ရွက် ထားရှိသည်ကို သိရှိလိုခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ပြုပြင်ရန် မပါရှိသော အန္တရာယ်ရှိကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းများအား ဆက်လက်၍ ပြုပြင်ရန် အစီအစဉ် ရှိ/မရှိနဲ့ မည်သို့စီမံလျာထားသည်ကို သိရှိလိုခြင်းနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၁။**

**ဗိုလ်မှူးမျိုးထွန်းအောင်(တပ်မတော်သားကိုယ်စားလှယ်)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်ပုဂ္ဂိုလ်များ၊ ကော်မရှင်အဖွဲ့ဝင်ဆရာကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ အားလုံး မင်္ဂလာပါခင်ဗျား။ ကျွန်တော်ကတော့ တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ပြန်တမ်းဝင်အမှတ် ကြည်း ၃၁၃၁၄၊ ဗိုလ်မှူးမျိုးထွန်းအောင် ဖြစ်ပါတယ် ခင်ဗျား။

ကျွန်တော့်အနေနဲ့ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းသွားမယ့် မေးခွန်းကတော့ ပညာရေးဝန်ကြီးဌာနအနေဖြင့် အန္တရာယ်ရှိသည့်ကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းများအား အမှန်တကယ်ပြုပြင်ရန် လိုအပ်မှု ရှိ/မရှိကို သက်ဆိုင်ရာ မြို့နယ်ကော်မတီများ၊ သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ပေါင်းစပ်ညှိနှိုင်းစိစစ်ပြီး ဦးစားပေး သတ်မှတ်ချက်အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် လျာထားချက်တွင် ပြုပြင်ရန်မည်သို့ စီမံဆောင်ရွက်ထားရှိသည်ကို သိရှိလိုခြင်းနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်တွင်ပြုပြင်ရန် မပါရှိသော အန္တရာယ်ရှိ ကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းများအား ဆက်လက်၍ ပြုပြင်ရန် အစီအစဉ် ရှိ/မရှိနဲ့ မည်သို့စီမံလျာထားသည်ကို သိရှိလိုခြင်းနဲ့စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် သက်ဆိုင်ရာ ပညာရေးဝန်ကြီးဌာနအား မေးမြန်းသွားမှာ ဖြစ်ပါတယ် ခင်ဗျား။

ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးအနေနဲ့ ၁၀-၁၁-၂၀၁၄ ရက်နေ့မှာ ကျင်းပတဲ့ အမျိုးသားလွှတ်တော် ပုံမှန်အစည်းအဝေးမှာ မေးခွန်းများအား ပြန်လည်ဖြေကြားရာမှာ စိစစ်ပြီး အန္တရာယ်ရှိ ကျောင်းဆောင်အဆောက်အအုံ (၆၀၀၀)ကျော်ရှိပါကြောင်း၊ အန္တရာယ်ရှိမှုနှင့် ကျောင်း ဥပဓိရုပ်မကောင်းသည့် အခြေအနေတို့အရ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်အတွက် ဦးစားပေး လျာထားသတ်မှတ်ပါကြောင်း၊ သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်၊ မြို့နယ်ကော်မတီ(၃)ခု၊ တိုင်းဒေသကြီး/ ပြည်နယ်များမှ စိစစ်ညှိနှိုင်းတင်ပြမှုများကို ညှိနှိုင်းဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း ပြန်လည်ဖြေကြားခဲ့ပါတယ်ခင်ဗျား။ ယခုအခါ လွှတ်တော်ကိုယ်စားလှယ်များက လွှတ်တော်အစည်းအဝေးများတွင် မိမိတို့မဲဆန္ဒနယ်များအလိုက် အန္တရာယ်ရှိသည့်ကျောင်းများနှင့် ဥပဓိရုပ်မကောင်းသည့် ပြုပြင်ရန် လိုအပ်သော ကျောင်းဆောင်အဆောက်အအုံများအား ထပ်မံတင်ပြလျက်ရှိတာကို တွေ့ရှိရပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ ပညာရေးဝန်ကြီးဌာနမှ အန္တရာယ်ရှိကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းဆောင် အဆောက်အအုံအရေအတွက်များအား လက်ရှိအချိန်တွင် မည်မျှရှိသည်ကို ထပ်မံစိစစ်ပြီး၊ မပြီးနှင့် စိစစ်တွေ့ရှိချက်များအရ မည်မျှရှိသည်ကို သိရှိလိုပါတယ်ခင်ဗျား။ ၎င်းအပြင် အဆိုပါ အန္တရာယ်ရှိကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု

ဘဏ္ဍာရန်ပုံငွေ လျာထားချက်နှင့် ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် နောက်ထပ် ဖြည့်စွက်ဘဏ္ဍာရန်ပုံငွေ တွင် ပြုပြင်ရန် မည်မျှလျာထားသည်ကိုလည်း သိရှိလိုပါတယ်။ ၎င်းအပြင် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် တွင် ဦးစားပေးသတ်မှတ်ချက်၌ မပါရှိသေးပါသော်လည်း သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ် ကြီးများ၊ သက်ဆိုင်ရာ မြို့နယ်ကော်မတီ(၃)ခု၊ တိုင်းဒေသကြီး/ပြည်နယ်များမှတစ်ဆင့် တင်ပြချက်များ အရ ပြုပြင်ရန်၊ တိုးချဲ့ရန်၊ အသစ်ဆောက်လုပ်ပေးရန် လိုအပ်သည့် ကျောင်းဆောင်များ ထပ်မံလိုအပ် လျက်ရှိနိုင်သကဲ့သို့ ရာသီဥတုအခြေအနေအရသော်လည်းကောင်း၊ သဘာဝဘေးအန္တရာယ်အရ သော်လည်းကောင်း ထပ်မံလိုအပ်သည့်ကျောင်းဆောင်များလည်း ရှိနိုင်ပါတယ် ခင်ဗျား။

သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပညာရေးဝန်ကြီးဌာနသို့ အောက်ပါ မေးခွန်းများအား မေးမြန်းအပ်ပါတယ်ခင်ဗျား။ (က) လက်ရှိအချိန်တွင် စိစစ်အတည်ပြုပြီး နိုင်ငံ တစ်ဝှမ်းလုံးပြုပြင်ရန် လိုအပ်သည့် အန္တရာယ်ရှိကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့်ကျောင်း မည်မျှရှိ သည်ကို သိရှိလိုပါတယ်ခင်ဗျား။ (ခ) အဆိုပါ အန္တရာယ်ရှိကျောင်းများနှင့် ဥပဓိရုပ် မကောင်းသည့် ကျောင်းများအား ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် နောက်ထပ်ဖြည့်စွက်ရန်ပုံငွေများတွင် ပြုပြင်ဆောင်ရွက်ပေးရန် ထည့်သွင်းလျာထားသည့် အခြေအနေကိုလည်း သိရှိလိုပါတယ်ခင်ဗျား။ (ဂ) ၂၀၁၅-၂၀၁၆ ခု ဘဏ္ဍာရေးနှစ် ရန်ပုံငွေ(၂)ရပ်တွင် ပါရှိခြင်းမရှိသည့် စိစစ်သတ်မှတ်ပြီး အန္တရာယ်ရှိကျောင်းနှင့် ဥပဓိရုပ်မကောင်းသည့် ကျောင်းများနှင့် ထပ်မံတိုးလာသည့် ကျောင်းများအား ဘဏ္ဍာရေးနှစ်အလိုက် မည်သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုပါသောကြောင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ကျောက်ဖြူမြို့နယ်၊ ဝက်ရပ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် (၆၀x၂၀)ပေ သွပ်မိုး RC ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ နှင့် စပ်လျဉ်းသည့် မေးခွန်း**

**အချိန်၊ ၁၀း၂၆။**

**ဥက္ကဋ္ဌ**။ ။ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)မှ ဦးအုန်းတင် က ကျောက်ဖြူမြို့နယ်၊ ဝက်ရပ်ကျေးရွာ အခြေခံပညာ မူလတန်းကျောင်းတွင် (၆၀x၂၀)ပေ သွပ်မိုး RC ကျောင်းဆောင်သစ် တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိနဲ့ စပ်လျဉ်းတဲ့ မေးခွန်း မေးမြန်း ဖို့ ဖြစ်ပါတယ်။

**အချိန်၊ ၁၀း၂၆။**

**ဦးအုန်းတင်၊ ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ ဧည့်သည်တော်ကြီးများ၊ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်တော်ကြီး များ အားလုံး နှလုံးစိတ်ဝမ်းအေးချမ်းကြပါစေလို့ ဆုတောင်းရင်း ရခိုင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀) မှ ကျွန်တော် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် က ရိုသေဂါရဝပြုအပ် ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးရဲ့ခွင့်ပြုချက်အရ ကျွန်တော် မေးမြန်းချင်တဲ့မေးခွန်း ကတော့ ကျောက်ဖြူမြို့နယ်၊ မင်းရပ်ကျေးရွာအုပ်စု၊ ဝက်ရပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်း တွင် (၆၀ x ၂၀) ပေရှိသွပ်မိုး RC ကျောင်းဆောင်သစ်တစ်ဆောင် ဆောက်လုပ်ပေးရန် အစီအစဉ် ရှိ/မရှိ ဆိုတဲ့ မေးခွန်းပဲ ဖြစ်ပါတယ် ခင်ဗျား။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောက်ဖြူမြို့နယ်၊ မင်းရပ်ကျေးရွာအုပ်စု၊ ဝက်ရပ်ကျေးရွာဟာကျောက်ဖြူမြို့နှင့် (၂၅)မိုင်ကွာဝေးတဲ့ ဝက်ရပ်ကျွန်းပေါ်မှာတည်ရှိတဲ့ ကျေးရွာတစ်ရွာဖြစ်ပါတယ်။ လူနေအိမ်ခြေ(၅၀)အိမ်၊ အိမ်ထောင်စု(၅၅)စု၊ လူဦးရေ (၂၅၀)ခန့် ရှိပါတယ်။ ဤကျေးရွာတွင် နိုင်ငံတော်အစိုးရပညာရေးဌာနမှ ၂၀၁၀ ခုနှစ်တွင် အခြေခံပညာမူလတန်းကျောင်း ဖွင့်လှစ်ပေးခဲ့သော်လည်း ကျောင်းအဆောက်အဦအား ဆောက်လုပ်ပေးခဲ့ခြင်းမရှိပါ။ ကျေးရွာသား၊ ကျေးရွာသူများမှ ကိုယ်ထူကိုယ်ထစနစ်နဲ့ (၂၅ ပေ x ၁၅ ပေ) ရှိ ဓနိမိုးထရံကာ ပျဉ်ခင်း ကျောင်းဆောင်ကို ဆောက်လုပ်ဖွင့်လှစ်ခဲ့ကြပါတယ်။ ယခုအခါ ၎င်းအဆောက်အအုံမှာ ယိုယွင်းပျက်စီးနေသဖြင့် ရွာသူရွာသားများမှ ပြန်လည်ပြုပြင်မွမ်းမံလျက် ဆက်လက်သင်ကြားနေရပါတယ်။

လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုအခါ ကျောင်းသားဦးရေ(၃၆)ဦး ပညာသင်ကြားလျက်ရှိပြီး နောင်ပညာသင်နှစ်များတွင် ကျောင်းသားဦးရေ ပိုမိုများပြားလာမည်ဖြစ်ပါတယ်။ သို့ရာတွင် ကျောင်းအဆောက်အအုံမှာ သဘာဝဘေးအန္တရာယ်ကို ခံနိုင်လောက်သည့် အဆောက်အအုံမဟုတ်သဖြင့် မိုးရာသီအချိန်အခါများတွင် ကျောင်းသား၊ ကျောင်းသူများအတွက် ဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင် ကြခြင်း မရှိကြပါ။ ကျေးရွာသူ၊ ကျေးရွာသားများမှာလည်း ဆင်းရဲနွမ်းပါးသော လယ်သမားများ၊ ရေလုပ်ငန်းလုပ်ကိုင်သူများ ဖြစ်ကြသည့်အားလျော်စွာ သဘာဝဘေးအန္တရာယ်ကို ခံနိုင်ရည်ရှိသော ကျောင်းဆောင်သစ်တစ်ဆောင်ကို ကိုယ်ထူကိုယ်ထစနစ်ဖြင့်ဆောက်လုပ်ရန် မတတ်နိုင်ကြပါခင်ဗျား။

သို့ဖြစ်ပါ၍ ကျောင်းသူ၊ ကျောင်းသားများဘေးကင်းလုံခြုံစွာ ပညာသင်ကြားနိုင်ရေး အတွက် (က) (၆၀ပေx၂၀ပေ) သွပ်မိုး RC ကျောင်းဆောင်သစ်တစ်ဆောင်ကို ယခုလာမည့် ပညာသင်နှစ် အတွင်း ပြည်ထောင်စုအစိုးရ၏ရန်ပုံငွေဖြင့်ဆောက်လုပ်ပေးနိုင်ခြင်း ရှိ/မရှိ နှင့် (ခ) ဆောက်လုပ်မပေးနိုင်ပါက အဘယ်ကြောင့်ပါနည်း စတဲ့မေးခွန်းများကို ဥက္ကဋ္ဌကြီးမှတစ်ဆင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ် ခင်ဗျား။

**အချိန်၊ ၁၀း၂၉။**

**ဥက္ကဋ္ဌ**။ ။ မေးခွန်းများနဲ့ပတ်သက်ပြီး ပညာရေးဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးက တစ်ခုချင်း ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**အချိန်၊ ၁၀း၂၉။**

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနဲ့ ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းအပ်ပါတယ်။ ပညာရေးဝန်ကြီးဌာန ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးသန့်ရှင်း က လွှတ်တော်ကိုယ်စားလှယ်များရဲ့မေးခွန်းများကို ဖြေကြားသွားမှာဖြစ်ပါတယ်။ ပထမဦးစွာ မကွေးတိုင်းဒေသကြီး၊ အမှတ်(၂)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ငြိမ်းရဲ့မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တွင် ၂၀၁၄-၂၀၁၅ ပညာသင်နှစ်အထိ အခြေခံပညာအထက်တန်းကျောင်း(၈)ကျောင်း၊ အခြေခံပညာ

အထက်တန်းကျောင်း(ခွဲ)(၄)ကျောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(၄)ကျောင်း၊ အခြေခံပညာ အလယ်တန်းကျောင်း(ခွဲ)(၄၀)ကျောင်း၊ အခြေခံပညာမူလတန်းလွန်ကျောင်း(၂၀)ကျောင်း၊ အခြေခံ ပညာ မူလတန်းကျောင်း(၁၁၄)ကျောင်း၊ အခြေခံပညာ မူလတန်းကျောင်း(ခွဲ) (၂)ကျောင်း၊ စုစုပေါင်း အခြေခံ ပညာကျောင်း(၁၉၂)ကျောင်းတို့အား ဖွင့်လှစ်ခွင့်ပြုခဲ့ပြီးဖြစ်ပါတယ်။ ချောက်မြို့နယ်၊ ဝက်ဘာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)တွင် ပဉ္စမတန်း(၂၄)ဦး၊ ဆဋ္ဌမတန်း(၃၃)ဦး၊ သတ္တမတန်း(၃၆)ဦး၊ အဋ္ဌမတန်း(၁၉)ဦး စုစုပေါင်း အလယ်တန်းအဆင့်သင် ကျောင်းသား(၁၁၂)ဦး ရှိပါတယ်။

ပညာရေးဝန်ကြီးဌာနမှ ကျောင်းအဆင့်တိုးမြှင့်ပေးရာတွင် စနစ်တကျဆောင်ရွက်နိုင်ရေး အတွက် မူဘောင်များသတ်မှတ်ဆောင်ရွက်ပေးလျက် ရှိပါတယ်။ မူဘောင်များတွင် ကျောင်းသားဦးရေ ပြည့်မီခြင်း ရှိ/မရှိ၊ ကျောင်းအဆောက်အအုံ၊ ပရိဘောဂပြည့်စုံမှု ရှိ/မရှိ၊ ကျောင်းအဆောက်အအုံ၊ မြေနေရာ ရှိ/မရှိ တို့အပေါ် မူတည်ပြီးတော့ ထည့်သွင်းစဥ်းစား သတ်မှတ်ပါတယ်။ သို့ရာတွင် လမ်းပန်း ဆက်သွယ်ရေး ခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးတိုးတက်ရေးစသည့် လိုအပ်ချက်များအပေါ် မူတည်၍လည်း သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စအဖြစ် ဖြေလျှော့ပြီး ကျောင်းအဆင့်တိုးမြှင့် ပေးခြင်းများကို ဆောင်ရွက်ပေးလျက်ရှိပါတယ်။ အခြေခံပညာမူလတန်းကျောင်းခွဲမှ အခြေခံပညာ မူလတန်း ကျောင်းအဖြစ် တိုးမြှင့်ရန်အတွက် စံသတ်မှတ်ချက်မှာ မူလတန်းအဆင့်သင် ကျောင်းသား (၅၅)ဦး၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် တိုးမြှင့်ရန် အတွက် စံသတ်မှတ်ချက်မှာ အလယ်တန်းအဆင့်သင် ကျောင်းသား(၂၄၀)ဦးနှင့် အခြေခံပညာ အထက်တန်းကျောင်း(ခွဲ)မှ အခြေခံပညာအထက်တန်းကျောင်းအဖြစ် တိုးမြှင့်ရန်အတွက် စံသတ်မှတ် ချက်မှာ အထက်တန်းအဆင့်သင် ကျောင်းသား(၂၀၀)ဦးရှိရန် မူဘောင်သတ်မှတ်ထားပါတယ်။

ဝက်ဘာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် အလယ်တန်းအဆင့်သင် ကျောင်းသား ဦးရေ (၁၁၂)ဦးသာရှိ၍ စံသတ်မှတ်ထားသော ကျောင်းသားဦးရေ၏ တစ်ဝက်နီးပါးသာ ရှိပါတယ်။ အခြေခံပညာအလယ်တန်းကျောင်းအဖြစ် အဆင့်တိုးမြှင့်ပေးနိုင်ရန်အတွက် သတ်မှတ်ထားသော မူဘောင်များအရ ကျောင်းသားဦးရေ(၂၄၀)ဦးနှင့် အထက်ရှိမှသာ အဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းဖော်ပြရမည် ဖြစ်ပါတယ်။ ဝက်ဘာအခြေခံပညာအလယ်တန်းကျောင်း(ခွဲ)သည် ပင်မကျောင်း ပခန်းငယ်နှင့် (၆)မိုင်ကွာဝေးပြီး (၃.၁)ဧက ကျယ်ဝန်းပါတယ်။ ကျောင်းအဆင့်မှာ (D) ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ လမ်းပန်းဆက်သွယ်ရေးခက်ခဲမှု၊ ဒေသန္တရအခြေအနေ၊ ဒေသဖွံ့ဖြိုးရေး စသည့် လိုအပ်ချက်များအပေါ် မူတည်၍လည်းကောင်း သတ်မှတ်ထားသည့် မူဝါဒများကို အထူးကိစ္စ အဖြစ် ဖြေလျှော့ပြီး သက်ဆိုင်ရာတိုင်းဒေသကြီးအစိုးရအဖွဲ့က ဒေသလိုအပ်ချက် အခြေအနေအရ ဝက်ဘာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)အား အခြေခံပညာအလယ်တန်း ကျောင်းအဖြစ် အဆင့်တိုးမြှင့် ပေးသင့်ကြောင်း သဘောထားမှတ်ချက်ပြု ထောက်ခံတင်ပြလာပါက ကျောင်းအဆင့် တိုးမြှင့်ဖွင့်လှစ် နိုင်ရေးအတွက် စီစဥ်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်းနှင့် ဝက်ဘာအခြေခံပညာ အလယ်တန်း ကျောင်း(ခွဲ)သည် အလယ်တန်းအဆင့်သင် ကျောင်းသားဦးရေ(၁၁၂)ဦးသာရှိ၍ စံသတ်မှတ်ထားသော ကျောင်းသားဦးရေ၏ တစ်ဝက်နီးပါးသာရှိပြီး အခြေခံပညာအလယ်တန်း ကျောင်းအဖြစ် အဆင့် တိုးမြှင့်ပေးရန်အတွက် သတ်မှတ်ထားသော မူဘောင်များအရ ကျောင်းသားဦးရေ (၂၄၀)ဦးနှင့်

အထက်ရှိမှသာ အဆင့်တိုးတန်းစီဇယားတွင် ထည့်သွင်းဖော်ပြရမည်ဖြစ်ပါသဖြင့် လောလောဆယ်အဆင့်တိုးမြှင့်ပေးရန် အစီအစဉ် မရှိပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ် ခင်ဗျား။

ဆက်လက်ပြီး မန္တလေးတိုင်းဒေသကြီး အမှတ်(၁၁)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးစိုးအောင် ရဲ့မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများ ခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေနဲ့ ကျောင်းဆောင်များ အသစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်းလုပ်ငန်းများနှင့် ပတ်သက်၍ ဘဏ္ဍာရေး စည်းမျဉ်းစည်းကမ်းများ၊ ကျောင်းဆောက်လုပ်ပြီးစီးသည့် သက်တမ်းကြာမြင့်ပြီး အန္တရာယ်ရှိမှုအခြေအနေ၊ လုပ်ထုံးလုပ်နည်းများအရလည်းကောင်း၊ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်း အလိုက်တန်းစီဇယားတွင် ထည့်သွင်းလျာထားခြင်းအားဖြင့် လည်းကောင်းဆောင်ရွက်လျက် ရှိပါတယ်။

မန္တလေးတိုင်းဒေသကြီး၊ မိတ္ထီလာမြို့နယ်တွင် အခြေခံပညာကျောင်း(၁၈)ကျောင်း အတွက် ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ ငွေကျပ်(၉၅၀.၄၀) သန်းကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေး အစီအစဉ်ကျောင်းအလိုက်တန်းစီဇယားအရ လျာထားတင်ပြပြီး ဖြစ်ပါတယ်။ သို့ပါ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ်၊ ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်တွင် ပါရှိခြင်းမရှိသည့် စိစစ်သတ်မှတ်ပြီး အန္တရာယ်ရှိကျောင်းများကို ဖြည့်စွက်ခွင့်ပြုငွေ (SG) တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး ဥပမိရုပ် မကောင်းသည့်ကျောင်းများနှင့် ထပ်မံတိုးလာမည့် ကျောင်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေးအစီအစဉ် ကျောင်းအလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ယခု ကိုယ်စားလှယ်တင်ပြသည့် မိတ္ထီလာမြို့နယ်၊ ရေဝေ အခြေခံပညာအထက်တန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး ရန်ကုန်တိုင်းဒေသကြီး အမှတ်(၃)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဖုန်းမြင့်အောင် ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီး ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ စတုတ္ထတန်းနှင့် အဋ္ဌမတန်း စာမေးပွဲဖြေဆိုမည့် ကျောင်းသူ၊ ကျောင်းသားများနှင့်ပတ်သက်၍ ပညာရေးဝန်ကြီးဌာနလက်အောက်ရှိ မြန်မာနိုင်ငံစာစစ်ဦးစီးဌာန၏ လမ်းညွှန်ချက်ဖြင့် ၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလတွင် စတုတ္ထတန်းနှင့် အဋ္ဌမတန်း ကျောင်းသား၊ ကျောင်းသူများကို အကြိုစာမေးပွဲများ စစ်ဆေးပေးခြင်းဖြင့် ဘာသာရပ်အလိုက်မေးခွန်းများ ဖြေဆိုတတ်စေရန် လေ့ကျင့်စစ်ဆေးပေးခဲ့ခြင်းများ ဆောင်ရွက်ခဲ့ပါတယ်။

ထို့အပြင် စာစစ်ဌာနများကို မြို့နယ်အလိုက် ကျောင်းသားဦးရေများသော ကျောင်းများအတွက် မိမိကျောင်းတွင်ပင် ဖြေဆိုနိုင်ရန်နှင့် ကျောင်းသားဦးရေနည်းသော ကျောင်းများမှ ကျောင်းသား၊ ကျောင်းသူများအနေဖြင့် ၎င်းတို့နှင့် နီးစပ်ရာကျောင်းများတွင် စာစစ်ဌာနအဖြစ်ထား၍ ဖြေဆိုရန် စီစဉ်ထားရှိခြင်းများအပြင် ကျောင်းသား၊ ကျောင်းသူများ အေးချမ်းလုံခြုံစွာ စာမေးပွဲဖြေဆို နိုင်ရန် စာမေးပွဲမတိုင်မီ ဒေသအာဏာပိုင်များ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဝင်များ၊ မြို့နယ်ပညာရေးမှူးနှင့် ကျောင်းအုပ်ကြီးများ ညှိနှိုင်းဆွေးနွေးပြီး အတွင်းစည်း၊ အပြင်စည်း တာဝန်ခွဲခြားကာ ဆောင်ရွက်ထားရှိပါတယ်။ အတွင်းစည်းအဖြစ် စာစစ်ဌာန၏ ကြီးကြပ်ရေးမှူးဖြစ်သော

ကျောင်းအုပ်ကြီးနှင့် လက်ထောက်ကြီးကြပ်ရေးမှူး ဆရာ၊ ဆရာမများက လုံခြုံရေးတာဝန်ယူကြပြီး အပြင်စည်းလုံခြုံရေးအတွက် ဒေသအာဏာပိုင်များ၊ မိဘဆရာအသင်း၊ ကျောင်းအကျိုးတော်ဆောင်များက တာဝန်ယူဆောင်ရွက်ပေးပါတယ်။ မြန်မာနိုင်ငံစာစစ်ဦးစီးဌာနက ၂၀၁၄ ခုနှစ်၊ နိုဝင်ဘာလတွင် ဖြန့်ဝေသော အခြေခံပညာမူလတန်းအဆင့် စတုတ္ထတန်းနှင့် အခြေခံပညာအလယ်တန်းအဆင့် အဋ္ဌမတန်းစာမေးပွဲ ဆိုင်ရာလုပ်ငန်းလက်စွဲများကို ခရိုင်ပညာရေးမှူးများ၊ မြို့နယ်ပညာရေးမှူးများမှ တစ်ဆင့် ကြီးကြပ်ရေးမှူးများထံသို့ ဖြန့်ဝေပေးပြီးလုပ်ငန်းလမ်းညွှန်အတိုင်း ဆောင်ရွက်ရန် ညွှန်ကြားထားရှိပါတယ်။

ၑင်းညွှန်ကြားချက်အတိုင်း ကြီးကြပ်ရေးမှူးများသည် စာမေးပွဲကိစ္စများဆောင်ရွက်ရာတွင် ညွှန်ကြားထားသည့် စာမေးပွဲဆိုင်ရာစည်းမျဥ်းစည်းကမ်းများနှင့်အညီ လိုက်နာဆောင်ရွက်ကြခြင်းဖြစ်ပါတယ်။ ကြီးကြပ်ရေးမှူးနှင့် လက်ထောက်ကြီးကြပ်ရေးမှူးတာဝန်ရှိသူအားလုံးသည် စာစစ်ဌာနသို့ နေ့စဥ် စာဖြေချိန်ထက် (၁)နာရီခွဲစော၍ ရောက်ရှိကြရမှာဖြစ်ပါတယ်။ မေးခွန်းလုံခြုံရေး၊ မသမာမှုကင်းရှင်းရေး၊ အေးချမ်းစွာ ဖြေဆိုနိုင်ရေးအတွက် နံနက်(၈)နာရီမှစ၍ တာဝန်ရှိသူမှအပ ကျောင်းဝင်းအတွင်း မည်သူမျှမရှိစေရန် စီစဥ်ထားရပါသဖြင့် ဂိတ်တံခါးကို သော့ပိတ်ထားရပါတယ်။ စာမေးပွဲဖြေဆိုသည့်ရက် နေ့စဥ်နံနက်(၈)နာရီတွင် ကြီးကြပ်ရေးမှူးကိုယ်တိုင် လျှို့ဝှက်စွာ တာဝန်ချထားသည့် စာဖြေခန်း အတွင်းစောင့်၊ အပြင်စောင့်၊ ဂိတ်၊ သန့်စင်ခန်း တာဝန်ကျသူများစာရင်း(Duty List) ကို ကြေညာထားပါတယ်။ ဂိတ်နှင့်သန့်စင်ခန်း တာဝန်ကျသူများသည် မိမိတာဝန်ကျနေရာများသို့ သွားရောက်ပြီး အခြေအနေကို စစ်ဆေးကြည့်ရှုရခြင်း၊ နံနက်(၈း၂၀) နာရီတွင် ကြီးကြပ်ရေးမှူးရုံးခန်းသို့ ပြန်လာပြီး ကြီးကြပ်ရေးမှူး၏ မှာကြားသည့်လုပ်ငန်းများကို လိုက်နာမှတ်သား ဆောင်ရွက်ရခြင်း။ ကြီးကြပ်ရေးမှူးမှာကြားချက်ပြီးလျှင် ဂိတ်နှင့် သန့်စင်ခန်းတာဝန်ကျများသည် ကျောင်းသား၊ ကျောင်းသူများ ဝင်ရောက်လာမည့်ဂိတ်တွင် စောင့်ဆိုင်းကြရပါသဖြင့် (၈း၃၀)မိနစ်တွင် စာဖြေခန်းအတွင်းစောင့်များသည် မိမိစောင့်ရမည့် စာဖြေခန်းများသို့ သော့ဖွင့်ဝင်ရောက်ပြီး စာဖြေခန်းအခြေအနေကို စစ်ဆေး၍ ကျောင်းသား၊ ကျောင်းသူများ ဝင်လာနိုင်ရန် စောင့်ဆိုင်းကြရပါတယ်။

မြန်မာနိုင်ငံစာစစ်ဌာန၏ လုပ်ငန်းလက်စွဲပါညွှန်ကြားချက်အရ စာဖြေရန် မိနစ်(၂၀)အလိုတွင် ပထမခေါင်းလောင်း၊ (၁၀)မိနစ်အလိုတွင် ဒုတိယခေါင်းလောင်းနှင့် (၉)နာရီတွင် တတိယခေါင်းလောင်းတီးခြင်း၊ စာဖြေရန်မိနစ်(၂၀)အလို ပထမခေါင်းလောင်းတီးမှ ဂိတ်ဖွင့်ပြီးကျောင်းဝင်းအတွင်းသို့ ကျောင်းသား၊ ကျောင်းသူများကို စနစ်တကျဝင်ရောက်ခြင်း၊ စာဖြေသူကျောင်းသား၊ ကျောင်းသူများ သက်ဆိုင်ရာ စာဖြေခန်းများသို့ အဆင်ပြေလွယ်ကူစွာ သွားလာနိုင်ရန် ဂိတ်နှင့် သန့်စင်ခန်း တာဝန်ကျများက ကူညီဆောင်ရွက်ပေးခြင်း၊ ကျောင်းသား၊ ကျောင်းသူများ မိမိဖြေဆိုရမည့် စာသင်ခန်းများသို့ ချောမောစွာရောက်ရှိစေရန် ကြီးကြပ်ရေးမှူးက ကျောင်းအဝင်ဝတွင် စာဖြေခန်း လမ်းညွှန်များဖြင့် စာဖြေခန်းတည်ရှိရာနေရာများကို ညွှန်ပြထားရှိပါသဖြင့် စတုတ္ထတန်းနှင့် အဋ္ဌမတန်း ကျောင်းသား၊ ကျောင်းသူအများစုမှာ မိမိကျောင်းတွင်သာ စာမေးပွဲဖြေဆိုရသည့်အတွက် စာဖြေခန်းများသို့ အလွယ်တကူ သွားရောက်နိုင်ရန် ဆောင်ရွက်ထားရှိပါတယ်။

သို့ဖြစ်ပါ၍ ကျောင်းသား၊ ကျောင်းသူများ အေးချမ်းစွာ စာမေးပွဲဖြေဆိုနိုင်ရေးအတွက် ကျောင်းဝင်းလုံခြုံရေး၊ စာဖြေခန်းလုံခြုံရေး၊ မေးခွန်းလုံခြုံရေး၊ မသမာမှုကင်းရှင်းစေရေးတို့ကို

ညွှန်ကြားချက်နှင့်အညီ သတ်မှတ်ချိန်အတိုင်း တစ်ပြေးညီဆောင်ရွက်ကြရပါသဖြင့် စာမေးပွဲ မဖြေဆိုမီ နာရီဝက်အလိုတွင် စာမေးပွဲခန်းစောင့် တာဝန်ယူရသော ဆရာ၊ ဆရာမများသည် သက်ဆိုင်ရာ စာဖြေခန်းသို့ စတင်နေရာယူဝင်ရောက်သည့်အချိန်မှသာ စာမေးပွဲဖြေဆိုမည့် ကျောင်းသူ၊ ကျောင်းသားများအား ဝင်ရောက် နေရာယူစေရသောကြောင့် အနည်းဆုံးစာဖြေခန်းသို့ တစ်နာရီခန့်ထက်စော၍ ဝင်ရောက်ခွင့် မပြုနိုင်ခြင်း ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး တပ်မတော်သား အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဗိုလ်မှူး မျိုးထွန်းအောင် ရဲ့ မေးခွန်းနဲ့ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းဆောင်သစ်ဆောက်လုပ်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ လုပ်ငန်းများနဲ့ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများနှင့်အညီ ဆောင်ရွက်လျက်ရှိပါတယ်။ မေးခွန်းနံပါတ်(က)နှင့်ပတ်သက်၍ လက်ရှိအချိန်တွင် စိစစ်အတည်ပြုပြီး နိုင်ငံတစ်ဝှမ်းလုံး ပြုပြင်ရန်လိုအပ်သည် အန္တရာယ်ရှိကျောင်းနှင့် ဥပမိရုပ်မကောင်းသည့် ကျောင်းများမည်မျှရှိသည်ကို သိရှိလိုခြင်းနှင့်ပတ်သက်၍ အခြေခံပညာဦးစီးဌာနအောက်ရှိ အန္တရာယ်ရှိကျောင်း အရေအတွက်မှာ (၃၆၁၂)ကျောင်းနှင့် ဥပမိရုပ်မကောင်းသည့်ကျောင်း အရေအတွက်မှာ (၄၂၇၅) ကျောင်း၊ စုစုပေါင်း(၇၈၈၇)ကျောင်း ရှိပါတယ်။ (ခ) အဆိုပါ အန္တရာယ်ရှိကျောင်းနှင့် ဥပမိရုပ်မကောင်းသည့် ကျောင်းများအား ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ပြည်ထောင်စု ရန်ပုံငွေနှင့် ၂၀၁၅-၂၀၁၆ နောက်ထပ်ဖြည့်စွက် ထည့်သွင်းလျာထားပေးရန် သိရှိလိုခြင်းနှင့် ပတ်သက်၍ မြို့နယ်ဦးစီးပေးအစီအစဉ် ကျောင်းအလိုက်တန်းစီဇယားအရ အန္တရာယ်ရှိကျောင်းများနှင့် ဥပမိရုပ်မကောင်းသည့် ကျောင်းများအနက်မှ အန္တရာယ်ရှိကျောင်း (၂၂၁၅)ကျောင်းနှင့် ဥပမိရုပ် မကောင်းသည့်ကျောင်း(၆၆၉) ကျောင်း တို့ကို ၂၀၁၅-၂၀၁၆ ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ လျာထားတင်ပြပြီး ဖြစ်ပါတယ်။ ကျန်ရှိ နေသောကျောင်းများကို လွှတ်တော်ကိုယ်စားလှယ်များ၏ တင်ပြချက်များ၊ မြို့နယ်များမှ တင်ပြသောကျောင်းများနှင့် ဌာနဆိုင်ရာ ကွင်းဆင်းစစ်ဆေးတင်ပြချက်များအပေါ် စစ်ဆေးဆောင်ရွက်ပြီး ဖြည့်စွက် ရန်ပုံငွေ SG တွင် ထည့်သွင်းလျာထား တင်ပြဆောင်ရွက် ပေးသွားမည်ဖြစ်ပါတယ်။ ၂၀၁၅-၂၀၁၆ ဘဏ္ဍာ ရေးနှစ် ရန်ပုံငွေနှစ်ရပ်တွင် ပါရှိခြင်းမရှိသည့် စိစစ်သတ်မှတ်ပြီး အန္တရာယ်ရှိကျောင်းနှင့် ဥပမိရုပ် မကောင်းသည့် ကျောင်းများနှင့် ထပ်မံတိုးလာသည့် ကျောင်းများအား ဘဏ္ဍာရေးနှစ်အလိုက် မည်သို့ ဆက်လက်ဆောင်ရွက်သွားမည်ကို သိရှိလိုခြင်းနှင့် ပတ်သက်၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ရန်ပုံငွေနှစ်ရပ်တွင် ပါရှိခြင်းမရှိသည့် စိစစ်သတ်မှတ်ပြီး အန္တရာယ်ရှိကျောင်းများ၊ ဥပမိရုပ်မကောင်းသည့် ကျောင်းများနှင့် ထပ်တိုးလာသည့် ကျောင်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ် အလိုက် ငွေလုံးငွေရင်း တည်ဆောက်ရေးရန်ပုံငွေ ခေါင်းစဉ်အောက်မှ မြို့နယ်ဦးစီးပေး အစီအစဉ်၊ ကျောင်းအလိုက်လျာထားပေးသွားမည်ဖြစ်ပါကြောင်း ရှင်းလင်းတင်ပြအပ်ပါတယ်။

ဆက်လက်ပြီး ရခိုင်ပြည်နယ် အမှတ်(၁၀)မဲဆန္ဒနယ် အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးအုန်းတင် ရဲ့ မေးခွန်းနဲ့ ပတ်သက်၍ ရှင်းလင်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများခင်ဗျား။ ပညာရေးဝန်ကြီးဌာန အနေဖြင့် ကျောင်းဆောင်သစ်တည်ဆောက်ခြင်း၊ ပြုပြင်ထိန်းသိမ်းခြင်း၊ အပြီးသတ်ဆောက်လုပ်ခြင်း လုပ်ငန်းများနဲ့ ပတ်သက်၍ ဘဏ္ဍာရေးစည်းမျဉ်း စည်းကမ်းများနဲ့အညီ ဆောင်ရွက်လျက်ရှိပါတယ်။ ရခိုင်ပြည်နယ် ကျောက်ဖြူမြို့နယ်တွင် အန္တရာယ်ရှိကျောင်း(၈) ကျောင်းနဲ့ မူလတန်းကြိုကျောင်း(၁)ကျောင်း၊ စုစုပေါင်း အခြေခံပညာကျောင်း(၉)ကျောင်းအတွက်

၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းရန်ပုံငွေ ခေါင်းစဉ်အောက်မှာ ငွေကျပ်(၂၂၆)သန်းကို ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြို့နယ်ဦးစားပေး အစီအစဉ်၊ ကျောင်းအလိုက်တန်းစီဇယားအရ ထည့်သွင်းလျာထားပြီး ဖြစ်ပါတယ်။

သို့ဖြစ်ပါ၍ ၂၀၁၅-၂၀၁၆ ဘဏ္ဍာရေးနှစ် ငွေလုံးငွေရင်းဘဏ္ဍာငွေ ခေါင်းစဉ်အောက်မှာ ပါရှိခြင်းမရှိသည့် စိစစ်သတ်မှတ်ပြီး အန္တရာယ်ရှိကျောင်းများကို ဖြည့်စွက်ရန်ပုံငွေ SG တွင် တင်ပြတောင်းခံသွားမည်ဖြစ်ပြီး၊ ဥပဓိရုပ်မကောင်းသည့် ကျောင်းများနှင့် ထပ်မံတိုးလာမည့်ကျောင်းများအား ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်မှစ၍ ဘဏ္ဍာရေးနှစ်အလိုက် ငွေလုံးငွေရင်း ရန်ပုံငွေခေါင်းစဉ်အောက်မှ မြို့နယ်ဦးစားပေးအစီအစဉ်၊ ကျောင်းအလိုက် လျာထားဆောင်ရွက်သွားမည် ဖြစ်ပါတယ်။ ယခု ကိုယ်စားလှယ်တင်ပြသည့် ကျောက်ဖြူမြို့နယ် ဝက်ရပ်ကျေးရွာ အခြေခံပညာမူလတန်းကျောင်းတွင် ကျောင်းဆောင်သစ် ဆောက်လုပ်ပေးရန် လောလောဆယ် အစီအစဉ် မရှိသေးပါကြောင်း ရှင်းလင်းတင်ပြ အပ်ပါတယ်။ ကျေးဇူးတင်ပါတယ်ခင်ဗျား။

**ဦးဖုန်းမြင့်အောင်၊ ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၃)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဝန်ကြီးရဲ့ ဖြေဆိုချက်က စာသင်ခန်းအတွင်းသို့ (၁)နာရီကြိုတင်ဝင်ရောက်ခွင့်မပြုကြောင်း ဖြေဆိုသွားပါတယ်။ ဒီ အဖြေဟာ မေးခွန်းနဲ့လွဲနေပါတယ် ခင်ဗျား။ ကျွန်တော့်မေးခွန်းပါပါတယ်။ ကျွန်တော့်မေးခွန်းက ကျောင်းဝင်းအတွင်းသို့ တစ်နာရီကြိုတင်ဝင်ရောက်ခွင့်ပြုရေးသာမေးမြန်းခြင်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ စာဖြေမယ့် စာသင်ခန်းကို (၁)နာရီဘယ်ကျောင်းသားမှ ကြိုမဝင်ပါဘူး။ ကျောင်းသားက အပြင်မှာ စာကျက်နေပါတယ်။ အနားယူနေပါတယ်။ နောက်ဆုံး ဘဲလ်တီးမှသာ ဝင်တာပါ။ ကျွန်တော်တို့ဆို တစ်ခါတလေ ဘဲလ်တီးတာတောင်မဝင်ဖြစ်ပါဘူးခင်ဗျား။ ဒါကြောင့် ဝန်ကြီးရဲ့ အဖြေဟာ ကျွန်တော့်မေးခွန်းနဲ့ များစွာလွဲချော်နေတဲ့အတွက် ထပ်မံမေးမြန်းရခြင်းဖြစ်ပါတယ်။ ကျွန်တော့်မေးခွန်းကတော့ စာသင်ခန်းကို (၁)နာရီကြိုမဝင်ပါဘူး။ ဝင်မယ့်သူလည်း မရှိပါဘူး။ စာဖြေခန်းက နောက်ဆုံးအချိန်ကျမှ ဘဲလ်တီးမှ ဝင်တာပါ။ ကျောင်းဝင်းအတွင်းသို့ ဝင်ရောက်ခွင့်ပြုရေးဖြစ်ပါတယ်။ ဘာလို့လဲဆိုတော့ ကျောင်းဝင်းမှာ ရန်ကုန်မြို့ကကျပ်ညှပ်နေပါပြီခင်ဗျား။ အပြင်မှာ ကျောင်းသား ရော၊ မိဘရော၊ ဆရာရော၊ ဆိုက်ကားဆို ကြိုတဲ့သူရော အကုန်လုံး ဒုက္ခရောက်နေပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျောင်းသားနဲ့ ဆရာ၊ မိဘတွေ၊ ကျောင်းသားနဲ့ ဆရာဆိုတာ တစ်လှေထဲစီး တစ်ခရီးထဲသွားပါ။ ဘာအတွက် တာဝန်နဲ့ လုပ်ပိုင်ခွင့်ကို အကြောင်းပြုပြီး ကျောင်းသားကို ခြံစည်းရိုးအပြင်ထုတ်တာတော့ မသင့်လျော်ကြောင်း တင်ပြအပ်ပါတယ်ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**ဦးသန့်ရှင်း (ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ပညာရေးဝန်ကြီးဌာန အနေနဲ့ မသမာမှုကင်းရှင်းရေးနဲ့ လုံခြုံရေးအတွက်ပဲ ဖြစ်ပါတယ်။ ကျောင်းမှာ စာမေးပွဲဖြေတဲ့ဥစ္စာကို စနစ်တကျရှိရေးပဲ ဖြစ်ပါတယ်။ ကျောင်းမှာ ဆရာတွေပဲ တာဝန်ရှိတယ် ဆိုပြီးတော့ ပုံမထားဘဲနဲ့ ကျွန်တော်တို့၊ မိဘဆရာအသင်းတို့၊ ကျောင်းအကျိုးတော်ဆောင်အဖွဲ့တို့ ရှိပါ တယ်။ တချို့ကျောင်းတွေသည် နေရာကြပ်ပါတယ်။ ကျောင်းဝင်းထဲကို ဝင်ခွင့်ပြုလိုက်တာနဲ့ ကျောင်း ခန်းထဲရောက်သလိုဖြစ်ပါတယ်။ အဲဒီတော့ ကျွန်တော် တင်ပြတဲ့အထဲမှာလည်း ကျောင်းဆရာတွေရဲ့ သန့်စင်ခန်းသွားစောင့်ဖို့၊ စာသင်ခန်းမှာစောင့်ဖို့ လမ်းကြောင်းတစ်လျှောက် ကျွန်တော်တို့က အကုန်လုံး တာဝန်ယူရ

ပါတယ်။ ဒါကို တာဝန်ယူတဲ့စနစ်မှာ ဒီကျောင်းအကျိုးဆောင်တို့၊ ကျောင်းသားမိဘတို့နှင့် အကုန်လုံး ပေါင်းပြီးတော့ ဒုက္ခမရောက်အောင် ဘယ်လိုလုပ်ကြမယ်ဆိုတဲ့ဟာ ဒါကို ကျောင်းအလိုက်၊ ကျောင်းအလိုက် ဆောင်ရွက်သွားရင် ရပါတယ်။

ဒါမှမဟုတ်ဘဲနဲ့ ကျွန်တော်တို့ကတော့ regime တော့ မဖြစ်ပါဘူး။ ကျွန်တော်တို့ရဲ့ရည်ရွယ်ချက်က ဒီ(၄)ခုပဲရှိတယ်။ မသမာမှုမရှိဖို့၊ လုံခြုံစွာ အေးချမ်းစွာ ဖြေကြားဖို့ ဒါပဲ ရှိပါတယ်။ ကျောင်းအမျိုးမျိုး ကွဲပြားနေတဲ့အတွက် ကျွန်တော်တို့က ယေဘုယျအမိန့် ထုတ်ပါတယ်။ ဒါ စာစစ်ဌာနရဲ့ ယေဘုယျ အမိန့်ပါ၊ ဒါကို ကျောင်းအလိုက်၊ ကျောင်းအလိုက် ဘယ်လိုလုပ်သင့်တယ်ဆိုတဲ့ဟာ ဒီ ကျောင်းဆရာနဲ့ ကျောင်းသားနဲ့ ပစ်မထားဘဲနဲ့ ကျောင်းအကျိုးတော်ဆောင်၊ ကျောင်းသားမိဘ ဒီ ဒေသအာဏာပိုင် အထောက်အကူပြုအဖွဲ့တွေက ဘယ်လိုလုပ်ကြမယ်ဆိုတာ လုပ်လို့ရှိရင် ဒီအခက်အခဲ ဖြေရှင်းသွားမှာ ဖြစ်ပါတယ်။ ဒီလိုလေး ပြောရုံနဲ့တော့ ကျွန်တော်တို့ ပြီးမှာမဟုတ်ပါဘူးခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၀း၄၄။**

**ဥက္ကဋ္ဌ။** ။ အစည်းအဝေးကို (၁၅)မိနစ် ခေတ္တရပ်နားပါမယ်။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၀း၄၅ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၁း၀၀ နာရီအချိန်တွင် ပြန်လည်ကျင်းပပါသည်။]

**အချိန်၊ ၁၁း၀၀။**

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး။** ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံစာရင်းကောင်စီ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၁၀။**

**ဥက္ကဋ္ဌ။** ။ အစီအစဉ်(၆)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာနိုင်ငံ စာရင်းကောင်စီ ဥပဒေကြမ်းကို

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး အမျိုးသားလွှတ်တော်သို့ ပြန်လည်ပေးပို့လာပါတယ်။

ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် အတည်ပြုပြီး ပြန်လည်ပေးပို့လာခြင်းကို အမျိုးသားလွှတ်တော်သို့ အသိပေး တင်ပြခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခဲ့သော်လည်း ဆွေးနွေးဖို့ အမည်စာရင်း တင်သွင်းထားတဲ့ လွှတ်တော်ကိုယ်စားလှယ် မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက်ကို အတည်ပြုရန် လွှတ်တော်ရဲ့ သဘောထား ရယူပါမယ်။

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂(က)(ည)(ဋ) (ဍ)(ထ)(ဓ)(ဖ)

၂။ (က) ကောင်စီ ဆိုသည်မှာ ဤဥပဒေအရ ဖွဲ့စည်းသည့် အမျိုးသားအဆင့်ရှိ မြန်မာနိုင်ငံ စာရင်းကောင်စီကို ဆိုသည်။

(ည) လက်မှတ်ရပြည်သူ့ စာရင်းကိုင် (ပြည့်မီ) ဆိုသည်မှာ လက်မှတ်ရပြည်သူ့ စာရင်းကိုင် သင်တန်းပထမပိုင်း နှင့် ဒုတိယပိုင်း စာမေးပွဲနှစ်ပိုင်းလုံး အောင်မြင်သည့် အပြင် သတ်မှတ်သည့် စာရင်းကိုင် အလုပ်သင်လုပ်သက် ပြည့်မြောက်အောင် ကျေနပ်ဖွယ်ရာ ဆောင်ရွက်ပြီး ဖြစ်သူကို ဆိုသည်။ ယင်းစကားရပ် တွင် ဤဥပဒေပုဒ်မ ၄၁ အရ ကောင်စီက အသိ အမှတ်ပြုထားသူများလည်း အကျုံးဝင်သည်။

(ဋ) စာရင်းပညာရှင် ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် (ပြည့်မီ) ရရှိထားသူ သို့မဟုတ် နိုင်ငံခြား တိုင်းပြည်များမှ အသိအမှတ်ပြု စာရင်းပညာရှင် လက်မှတ်ရရှိထားပြီး ကောင်စီက စိစစ်ခွင့်ပြုထားသော သူကိုဆိုသည်။

(ဍ) စာရင်းလုပ်ငန်းလုပ်ကိုင်သူ ဆိုသည်မှာ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် မှတ်ပုံတင်ပြီးနောက် စာရင်းလုပ်ငန်းကို မိမိ၏ အဓိကအသက်မွေးဝမ်းကျောင်းလုပ်ငန်းအဖြစ် လုပ်ကိုင်ရန် ကောင်စီတွင် မှတ်ပုံတင်ထားသူကို ဆိုသည်။

(ထ) အသင်းဆိုသည်မှာ ဤဥပဒေပါ ရည်ရွယ်ချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် စာရင်းပညာဆိုင်ရာ အမျိုးသားအဆင့် အဖွဲ့အစည်း အဖြစ် ဖွဲ့စည်းထားသည့် မြန်မာနိုင်ငံ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များအသင်း သို့မဟုတ် ယင်း အသင်းကို ဆက်ခံသည့် အဖွဲ့အစည်းကို ဆိုသည်။

(ဓ) လုပ်ငန်းအဖွဲ့အစည်း ဆိုသည်မှာ နိုင်ငံပိုင် သို့မဟုတ် ပုဂ္ဂလိကပိုင် စီးပွားရေးလုပ်ငန်း၊ စီမံအုပ်ချုပ်မှုလုပ်ငန်း၊ အများပြည်သူဆိုင်ရာ ဆောင်ရွက်မှုနှင့် လိုအပ်ချက်များ ဖြည့်ဆည်းစီမံရေး လုပ်ငန်းနှင့် အမြတ်အတွက် ရည်ရွယ်ဆောင်ရွက်ခြင်း မဟုတ်သည့်လုပ်ငန်း၊ နိုင်ငံတော် သို့မဟုတ် ပုဂ္ဂိုလ်အများ၏ ငွေကြေး၊ ပစ္စည်းထည့်ဝင်မှု၊ ထောက်ပံ့မှု၊ လှူဒါန်းမှု တို့ဖြင့် လုပ်ငန်းဆောင်ရွက်သည့် အဖွဲ့အစည်းများနှင့်တည်ဆဲဥပဒေတစ်ရပ်ရပ်အရသော်လည်းကောင်း၊ အမိန့်ကြော်ငြာစာတစ်ရပ်ရပ်အရ သော်လည်းကောင်း ဖွဲ့စည်းထားသော အဖွဲ့အစည်းတို့ကို ဆိုသည်။

(ဖ) မှတ်ပုံတင်အရာရှိ ဆိုသည်မှာ ဤဥပဒေအရ ဖြစ်ပေါ်သည့် ဒီပလိုမာ စာရင်းကိုင်၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်)၊ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်(ပြည့်မီ)၊ အလုပ်သင် စာရင်းကိုင်၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူများစာရင်းနှင့် ကိုယ်ပိုင် စာရင်းကိုင် သင်တန်းကျောင်းများ စာရင်းကို မှတ်ပုံတင် ထိန်းသိမ်းခြင်းနှင့် လိုအပ်သလို ထုတ်ပြန် ကြေညာခြင်း ဆောင်ရွက်ရန် ကောင်စီက ခန့်အပ်ထားသူကို ဆိုသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂(က)(ည)(ဋ)(ဌ)(ထ)(ဓ)(ဖ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂(က)(ည)(ဋ)(ဌ)(ထ)(ဓ)(ဖ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၃(က)၊

၃။ (က) နိုင်ငံတော်၏ စီးပွားရေးဖွံ့ဖြိုး တိုးတက်မှုကို အထောက်အကူပြုရေးအတွက် အရည်အချင်း ပြည့်မီသော စာရင်းပညာရှင်များ၊ စာရင်းပညာ ကျွမ်းကျင်သူများ တိုးပွားလာစေရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၃(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၃(က) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ဖြည့်စွက်ချက် -

အပိုဒ် ၄(ခ) (ဂ)(ဇ)(ဈ)(ဍ)၊ အပိုဒ် ၅၊ အပိုဒ် ၇

| | | | |
|---|---|---|---|
| ၄။ | (ခ) | ဒုတိယစာရင်းစစ်ချုပ်<br>ဟု ပြင်ဆင်ထားပါတယ်။ | ဒုတိယဥက္ကဋ္ဌ(၁) |
| | (ဂ) | မြန်မာနိုင်ငံ လက်မှတ်ရ<br>ပြည်သူ့စာရင်းကိုင်များအသင်း ဥက္ကဋ္ဌ<br>ဟု ဖြည့်စွက်ထားပါတယ်။ | ဒုတိယဥက္ကဋ္ဌ(၂) |
| | (ဇ) | စီးပွားရေး တက္ကသိုလ်များမှ<br>၅ ဦးထက်မပိုသော ပါမောက္ခချုပ်များ | အဖွဲ့ဝင် |
| | (ဈ) | မြန်မာနိုင်ငံလက်မှတ်ရ<br>ပြည်သူ့ စာရင်းကိုင်များ အသင်းမှ<br>ကိုယ်စားလှယ် ၉ ဦး<br>ဟု ပြင်ဆင်ထားပါတယ်။ | အဖွဲ့ဝင် |
| | (ဍ) | အတွင်းရေးမှူး၊<br>မြန်မာနိုင်ငံ လက်မှတ်ရ<br>ပြည်သူ့စာရင်းကိုင်များ အသင်း<br>ဟု ဖြည့်စွက်ထားပါတယ်။ | တွဲဖက်အတွင်းရေးမှူး |

၅။ ကောင်စီ၏သက်တမ်းသည် စတင်ဖွဲ့စည်းသည့် နေ့မှစ၍ လေးနှစ်ဖြစ်သည်ဟု ပြင်ဆင်ထားပါတယ်။

၇။ ကောင်စီသည် စာရင်းပညာ မူဝါဒပိုင်းဆိုင်ရာ ကိစ္စရပ်များ အတွက် ဆုံးဖြတ်ပိုင်ခွင့်ရှိသော တစ်ခုတည်းသော အဖွဲ့အစည်း ဖြစ်သည်ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄(ခ)(ဂ)(ဇ)(ဈ)(ဥ)၊ အပိုဒ် ၅၊ အပိုဒ် ၇ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄ (ခ)(ဂ)(ဇ)(ဈ)(ဥ)၊ အပိုဒ် ၅၊ အပိုဒ် ၇ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် - အပိုဒ် ၁၁(င)

၁၁။ (င) ကောင်စီအဖွဲ့ဝင် ၅ ဦး အဖွဲ့ဝင်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၁(င) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၁(င) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၇(က)(ခ) (ဈ)(တ)

၁၇။ (က) ဒီပလိုမာ စာရင်းကိုင်သင်တန်း၊ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်သင်တန်း၊ ဌာနဆိုင်ရာသင်တန်းနှင့် အခြားသင်တန်းများဖွင့်လှစ်ခြင်း၊ ဖွင့်လှစ်ခွင့်ပြုခြင်း၊ စီမံခန့်ခွဲခြင်း၊ကြီးကြပ်ကွပ်ကဲခြင်း၊ အရည်အချင်းစစ် စာမေးပွဲများ ပြုလုပ်ခြင်း၊ သင်တန်းနှင့် စာမေးပွဲ ဆိုင်ရာ စည်းမျဉ်းများ ချမှတ်ခြင်း၊ ဒီပလိုမာနှင့် အောင်လက်မှတ်များ ပေးအပ်ခြင်း၊

(ခ) ဒီပလိုမာစာရင်းကိုင် သင်တန်း၊ လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်သင်တန်း၊ ဌာနဆိုင်ရာ သင်တန်းနှင့် အခြားသင်တန်းများ၏ သင်ရိုးညွှန်းတမ်းများကို ချမှတ်ပြဋ္ဌာန်းခြင်း၊ လိုအပ်သလိုပြင်ဆင်ခြင်း၊ ထိုသင်တန်းများအတွက် ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာအုပ်များ စီစဉ်ခြင်း၊

(ဈ) ဤဥပဒေပါ ရည်ရွယ်ချက်များ ပြည့်မြောက်ရေးအတွက် ကောင်စီက ဆောင်ရွက်သည့် လုပ်ငန်းစဉ်များတွင် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) များနှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ)များ ပါဝင်ဆောင်ရွက်ရေးအတွက် တာဝန်သတ်မှတ်လွှဲအပ်ပေးခြင်း၊ ယင်းသို့ တာဝန်ယူဆောင်ရွက်မှုများကို ကြီးကြပ်ခြင်း၊

(တ) တာဝန်ပျက်ကွက်သော သို့မဟုတ် စာရင်းပညာရှင် ကျင့်ဝတ် သိက္ခာဖောက်ဖျက်သော စာရင်းလုပ်ငန်း လုပ်ကိုင်သူ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်)၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်မီ)၊ စာရင်းကိုင်အလုပ်သင်များ၊ စာရင်းကျွမ်းကျင်သူများကို အရေးယူခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၇(က)(ခ)(ဈ)(တ) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၇(က)(ခ) (ဈ)(တ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၁၈(စ)၊ အပိုဒ် ၂၀ (က)(ခ)၊ အပိုဒ် ၂၁(က)(ခ)

၁၈။ (စ) ပြည်ထောင်စုဝန်ကြီးဌာန၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များ၊ ပြည်ထောင်စုနယ်မြေ ကောင်စီမှ တောင်းခံလာသော စာရင်းနှင့် စပ်လျဉ်းသည့် အကြံဉာဏ်များ ပေးခြင်း၊

၂၀။ (က) ကောင်စီသည် အောက်ဖော်ပြပါ ကော်မတီများနှင့် လိုအပ်သော ကော်မတီများကို ကောင်စီဝင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) များ၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် ဖွဲ့စည်းပြီး တာဝန်နှင့် လုပ်ပိုင်ခွင့်များ သတ်မှတ်ပေးရမည်။

(ခ) ပုဒ်မခွဲ(က)အရ ဖွဲ့စည်းသည့် ကော်မတီများ၏ သက်တမ်းသည် ကောင်စီ၏ သက်တမ်းအတိုင်း ဖြစ်သည်။

၂၁။ (က) ကောင်စီသည် အောက်ဖော်ပြပါအဖွဲ့နှင့် ကော်မတီကို ကောင်စီဝင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ)များ၊ သင့်လျော်သည့် နိုင်ငံသားများဖြင့် ကိစ္စရပ်အလိုက် လိုအပ်သည့်အခါ ဖွဲ့စည်းတာဝန် ပေးအပ်နိုင်သည်-

(ခ) ပုဒ်မခွဲ(က) အရ ဖွဲ့စည်းသည့် အဖွဲ့နှင့် ကော်မတီ တို့၏ တာဝန်နှင့်သက်တမ်းသည် ကောင်စီက သတ်မှတ်သည့်အတိုင်း ဖြစ်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၈(စ)၊ အပိုဒ် ၂၀ (က)(ခ)၊ အပိုဒ် ၂၁(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၈(စ)၊ အပိုဒ် ၂၀ (က)(ခ)၊ အပိုဒ် ၂၁(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၅၊အပိုဒ် ၂၆(က)

၂၅။ ကောင်စီသည် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် ဒုတိယပိုင်း စာမေးပွဲအောင်မြင်သူများကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် အပ်နှင်းရမည်။

၂၆။ ကောင်စီသည် -

(က) စာရင်းကိုင်သင်တန်းများ တက်ရောက်ခွင့်အတွက် သင်တန်းဝင်ခွင့် အရည်အချင်း ကန့်သတ်ခြင်းနှင့် စိစစ်ခြင်း၊ သင်တန်းဝင်ခွင့် စာမေးပွဲကျင်းပခြင်းတို့ကို ပြုလုပ်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၅၊ အပိုဒ်၂၆(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂၅၊ အပိုဒ်၂၆(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၂၇၊ အပိုဒ် ၂၈

၂၇။ ကောင်စီသည် ဒီပလိုမာစာရင်းကိုင် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရပြည်သူ့ စာရင်းကိုင် (ပြည့်မီ) အဖြစ် မှတ်ပုံတင်ရန် လျှောက်ထားခြင်း သို့မဟုတ် သက်တမ်းတိုးခြင်းအတွက် သတ်မှတ်ချက်များနှင့်အညီ စိစစ်၍ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် ပြုရမည်။

၂၈။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်)နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် ကောင်စီက အသိအမှတ်ပြု ထားသည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂၇၊ အပိုဒ် ၂၈ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ်၂၇၊ အပိုဒ်၂၈ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄၁

၄၁။ နိုင်ငံအများက အသိအမှတ်ပြုထားသည့် နိုင်ငံခြား စာရင်းပညာဘွဲ့ သို့မဟုတ် စာရင်းပညာရှင် လက်မှတ်တစ်ခုခုကို ရရှိထားသူ နိုင်ငံသားအား လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်မီ) အဖြစ် သတ်မှတ်ချက်များနှင့်အညီ ကောင်စီက အသိအမှတ် ပြုနိုင်သည်။ ကောင်စီက အသိအမှတ်ပြုသည့် နိုင်ငံခြား စာရင်းပညာဘွဲ့ သို့မဟုတ် လက်မှတ်အမည်စာရင်းများကို ကောင်စီက ထုတ်ပြန်ကြေညာရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၅၂

၄၆။ ဒီပလိုမာစာရင်းကိုင်၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်)နှင့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရ သူများသည် ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့် သင်ကြားမှု စာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ သင်ကြားမှု စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်း လုပ်ကိုင်ခွင့် မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၄၇။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ်ရသူများသာ ဤဥပဒေတွင် ဖွင့်ဆိုဖော်ပြသည့် အများနှင့်ဆိုင်သော စာရင်းလုပ်ငန်းကို လုပ်ကိုင်ခွင့်ရှိသည်။ အများနှင့်ဆိုင်သော စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်မှတ်ပုံတင်ရန် သို့မဟုတ် လုပ်ငန်းလုပ်ကိုင်ခွင့် မှတ်ပုံတင်အား သက်တမ်းတိုးရန် သတ်မှတ်သည့် နည်းလမ်းများနှင့်အညီ ကောင်စီသို့ လျှောက်ထားရမည်။

၅၂။ ကောင်စီသည် ပုဒ်မ ၄၆ နှင့် ပုဒ်မ ၄၇ တို့ အရ လျှောက်ထားရာတွင် သတ်မှတ်ချက်များနှင့် ကိုက်ညီမှုမရှိလျှင် မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့်ကို ငြင်းပယ်နိုင်သည်။ သတ်မှတ်ချက်များ ကိုက်ညီအောင် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပြီးမှသာ မှတ်ပုံတင်ခွင့် သို့မဟုတ် သက်တမ်းတိုးခွင့် ပြုရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၅၂ ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၄၆၊ အပိုဒ် ၄၇၊ အပိုဒ် ၅၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၅၄ ခေါင်းစဉ်၊ အပိုဒ် ၅၄(ခ)၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆ ခေါင်းစဉ်၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၁

၅၄။ ပုဒ်မ ၅၃ ပါ ပြဋ္ဌာန်းချက်အရ လျှောက်ထားသည့် နိုင်ငံခြားသား စာရင်းပညာရှင်သည် အောက်တွင် ဖော်ပြသည့်အချက်များကို ပြည့်စုံခိုင်လုံသည့် အထောက်အထားဖြင့် ကနဦးတင်ပြရမည် -

(ခ) သက်ဆိုင်ရာနိုင်ငံ အမျိုးသားစာရင်း ပညာရှင်အဖွဲ့အစည်းက ကောင်စီတွင် မှတ်ပုံတင်ထားသည့် မြန်မာနိုင်ငံသား လက်မှတ်ရ ပြည်သူ့စာရင်းကိုင်များကို အသိအမှတ်ပြုထားပြီး ဖြစ်ခြင်း၊

၅၅။ ကောင်စီသည် ပုဒ်မ ၅၄ အရ တင်ပြချက်များ မှန်ကန်မှု၊ ခိုင်လုံမှုမရှိဟု တွေ့ရှိရလျှင် အဆိုပါ လျှောက်ထားချက်ကို ငြင်းပယ်နိုင်သည်။

၅၆။ ပုဒ်မ ၅၄ အရ တင်ပြချက်များ မှန်ကန်ကြောင်း စိစစ် တွေ့ရှိရလျှင် ထိုနိုင်ငံခြားသား စာရင်းပညာရှင်အား မြန်မာနိုင်ငံတွင် စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်ရရှိရန် ကောင်စီသို့ အောက်ပါ အထောက်အထား စာရွက်စာတမ်းများနှင့် တင်ပြ လျှောက်ထားစေရမည်-

၅၇။ ပုဒ်မ ၅၆ အရ တင်ပြချက်များ ပြည့်စုံခိုင်လုံပါက အဆိုပါ နိုင်ငံခြားသား စာရင်းပညာရှင်ကို လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) အဖြစ် အသိအမှတ်ပြုရေးအတွက် ပုဒ်မ ၄၂ ပါ ပြဋ္ဌာန်းချက်အတိုင်း ဆက်လက်စိစစ် ဆောင်ရွက်ရမည်။

၅၈။ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်မီ)အဖြစ် အသိအမှတ် ပြုခြင်းခံရသည့် နိုင်ငံခြားသား စာရင်းပညာရှင်သည် သတ်မှတ်သည့် မှတ်ပုံတင်ကြေး ပေးသွင်းလျက် ကောင်စီတွင် မှတ်ပုံတင်ရမည်။

၅၉။ ပုဒ်မ ၅၈ အရ မှတ်ပုံတင်ပြီးသည့် နိုင်ငံခြားသား စာရင်းပညာရှင်ကို စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် လျှောက်ထားစေလျက် သတ်မှတ်ချက်များနှင့်အညီ စိစစ် ခွင့်ပြု ရမည်။

၆၁။ ကောင်စီသည် ပုဒ်မ ၆၀ အရ လျှောက်ထားခြင်းကို စိစစ်၍ မှတ်ပုံတင် ခွင့်ပြုနိုင်သည်။ လုပ်ငန်းလုပ်ကိုင်ခွင့် သက်တမ်းတိုး လျှောက်ထားခြင်းကို သတ်မှတ်ချက်များနှင့်အညီ စိစစ်ပြီး သက်တမ်းတိုးပေးနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၅၄ ခြေဆင်း၊ အပိုဒ် ၅၄(ခ)၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆ ခြေဆင်း၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၁ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၅၄ ခြေဆင်း၊ အပိုဒ် ၅၄(ခ)၊ အပိုဒ် ၅၅၊ အပိုဒ် ၅၆ ခြေဆင်း၊ အပိုဒ် ၅၇၊ အပိုဒ် ၅၈၊ အပိုဒ် ၅၉၊ အပိုဒ် ၆၁ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၆၃(ဂ)

၆၃။ (ဂ) သက်ဆိုင်ရာ ဥပဒေပြဋ္ဌာန်းချက်အရ စာရင်းစစ်အဖြစ် ဆောင်ရွက်သည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) သို့မဟုတ် အစိုးရစာရင်းစစ်သည် အဆိုပါဘဏ္ဍာရေး ရှင်းတမ်းများ၏ သင့်တင့်လျှောက်ပတ်စွာ ဖော်ပြမှုအပေါ် ထင်မြင်ယူဆချက် ထုတ်ဖော်တင်ပြသူအဖြစ် တာဝန်ခံခြင်းဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၆၃(ဂ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၆၃(ဂ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အခန်း(၁၆) အခန်း ခေါင်းစဉ်၊

အခန်း(၁၆)

စာရင်းလုပ်ငန်းလုပ်ကိုင်သူများ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်မီ)များ၊ စာရင်းကိုင် အလုပ်သင်များ၏ တာဝန်၊ ကျင့်ဝတ်သိက္ခာနှင့် ရပိုင်ခွင့်များ

ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၆) အခန်း ခေါင်းစဉ် ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၆) အခန်း ခေါင်းစဉ်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အခန်း(၁၇)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၇၂၊ အပိုဒ် ၇၄ (ခ)(ဂ)၊ အပိုဒ် ၇၅၊ အပိုဒ် ၇၆(က)

အခန်း(၁၇)

စာရင်းကိုင်အလုပ်သင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်မီ)များ၊ စာရင်း လုပ်ငန်း လုပ်ကိုင်သူများကို စီမံခန့်ခွဲရေး နည်းလမ်းအရ အရေးယူဆောင်ရွက်ခြင်း

၇၂။ ကောင်စီသည် ပုဒ်မ ၆၆ နှင့် ပုဒ်မ ၆၇ တို့တွင် ပြဋ္ဌာန်းထားသည့် တာဝန်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် သို့မဟုတ် ပုဒ်မ ၆၈ နှင့် ပုဒ်မ ၆၉ တို့တွင် ပြဋ္ဌာန်းထားသည့် ကျင့်ဝတ်သိက္ခာတစ်ရပ်ရပ်ကို ဖောက်ဖျက်သည်ဟု စွပ်စွဲခံရသော စာရင်းကိုင်အလုပ်သင်များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(အောင်)များ၊ လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ)များ၊ စာရင်းလုပ်ငန်း လုပ်ကိုင်သူများအား စုံစမ်းစစ်ဆေးရန် ကောင်စီဝင် အနည်းဆုံး (၂)ဦးပါဝင်သော အဖွဲ့ဝင်(၅)ဦးဖြင့် စုံစမ်းစစ်ဆေးရေးအဖွဲ့ကို ဖွဲ့စည်း၍ တာဝန်ပေးအပ်နိုင်သည်။

၇၄။ (ခ) စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ် သို့မဟုတ် စာရင်းကိုင်အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ကာလအပိုင်း အခြား သတ်မှတ်၍ ရုပ်သိမ်းခြင်း၊

(ဂ) စာရင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ် သို့မဟုတ် လက်မှတ်ရပြည်သူ့စာရင်းကိုင် (အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (ပြည့်မီ) လက်မှတ် သို့မဟုတ် စာရင်းကိုင် အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့်ကို ပယ်ဖျက်ခြင်း။

၇၅။ စည်းကမ်းထိန်းသိမ်းရေး ကော်မတီသည် တရားရုံး တစ်ခုခုက အကျင့်စာရိတ္တ ပျက်ပြားရာ ရောက်သည့် ပြစ်မှုဖြင့် ပြစ်မှုထင်ရှား စီရင်ခြင်း ခံရသော ပုဂ္ဂိုလ်ကို ပုဒ်မ ၇၄၊ ပုဒ်မခွဲ(ခ) နှင့် ပုဒ်မခွဲ (ဂ)ပါ အရေးယူဆောင်ရွက်မှု တစ်ခုခုကို ပြုလုပ် နိုင်သည်။

၇၆။ (က) စာရင်းကိုင် အလုပ်သင်အဖြစ် ဆောင်ရွက်ခွင့် သို့မဟုတ် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင်(အောင်) လက်မှတ် သို့မဟုတ် လက်မှတ်ရ ပြည်သူ့စာရင်းကိုင်(ပြည့်မီ) လက်မှတ် သို့မဟုတ် စာရင်းလုပ်ငန်းလုပ်ကိုင်ခွင့် လက်မှတ်ကို ကာလအပိုင်းအခြား သတ်မှတ်၍ ရုပ်သိမ်းခံရသူသည် သတ်မှတ်ကာလ ကုန်ဆုံးသည့်အခါ စာရင်းကိုင် အလုပ်သင်အဖြစ် ပြန်လည် ဆောင်ရွက်ခွင့် သို့မဟုတ် ပြန်လည် မှတ်ပုံတင်ခွင့်အတွက် ကောင်စီသို့ လျှောက်ထားနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၂၊ အပိုဒ် ၇၄(ခ)(ဂ)၊ အပိုဒ် ၇၅၊ အပိုဒ် ၇၆(က) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁၇) အခန်းခေါင်းစဉ်၊ အပိုဒ် ၇၂၊ အပိုဒ် ၇၄(ခ)(ဂ)၊ အပိုဒ် ၇၅၊ အပိုဒ် ၇၆(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၇၇၊ အပိုဒ် ၇၈ ခြေဆင်း

၇၇။ စည်းကမ်းထိန်းသိမ်းရေး ကော်မတီက ပုဒ်မ ၇၄ သို့မဟုတ် ပုဒ်မ ၇၅ အရ ချမှတ် သောဆုံးဖြတ်ချက်ကို မကျေနပ်သူသည် ယင်း ဆုံးဖြတ်ချက် ချမှတ်သော နေ့မှ ရက်ပေါင်း (၆၀) အတွင်း ကောင်စီသို့ အယူခံနိုင်သည်။

၇၈။ ကောင်စီသည် ပုဒ်မ ၇၇ အရ တင်သွင်းသည့် အယူခံများနှင့် စပ်လျဉ်း၍ အောက်ပါ လုပ်ပိုင်ခွင့်များရှိသည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၇၇၊ အပိုဒ် ၇၈ ခြေဆင်း ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၇၇၊ အပိုဒ် ၇၈ ခြေဆင်းသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၈၂

၈၂။ စာရင်းလုပ်ငန်းလုပ်ကိုင်သူသည် စာရင်းလုပ်ငန်းဆောင်ရွက်ရာတွင် ပုဒ်မ ၆၈ ပါ ပြဋ္ဌာန်းချက်အပြင် ကောင်စီက ထုတ်ပြန်ပြဋ္ဌာန်းထားသည့် မြန်မာနိုင်ငံစာရင်းစစ် စံပြဋ္ဌာန်းချက်များပါ ကျင့်ဝတ်သိက္ခာ မညီသည့် အပြုအမူများကို မပြုလုပ်ရ ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂၊ အပိုဒ် ၉၃၊ အပိုဒ် ၉၄၊ အပိုဒ် ၉၅

၈၉။ လုပ်ငန်းအဖွဲ့အစည်း စီမံခန့်ခွဲသူသည် ပုဒ်မ ၈၀ သို့မဟုတ် ပုဒ်မ ၈၁ ပါ ပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန် ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ် ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်း (၁၀၀) ထက် မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၀။ စာရင်းလုပ်ငန်း လုပ်ကိုင်သူသည် ပုဒ်မ ၈၂ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ် တစ်ဆယ် သိန်းထက် မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၉၁။ မည်သူမဆို ပုဒ်မ ၈၃ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၂။ မည်သူမဆို ပုဒ်မ ၈၄ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ကျပ်ငါးသိန်းထက် မပိုသော ငွေဒဏ်ချမှတ်ရမည်။

၉၃။ မည်သူမဆို ပုဒ်မ ၈၅ သို့မဟုတ် ပုဒ်မ ၈၆ ပါပြဋ္ဌာန်းချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက်မပိုသော ထောင်ဒဏ် ဖြစ်စေ၊ ကျပ် သုံးသိန်းထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်။

၉၄။ မည်သူမဆို ပုဒ်မ ၈၇ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို တစ်နှစ်ထက် မပိုသော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်သိန်းငါးဆယ် ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၉၅။ မည်သူမဆို ပုဒ်မ ၈၈ ပါပြဋ္ဌာန်းချက်ကို ဖောက်ဖျက် ကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်း ခံရလျှင် ထိုသူကို တစ်နှစ် ထက်မပို သော ထောင်ဒဏ်ဖြစ်စေ၊ ကျပ်တစ်ဆယ်သိန်း ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂၊ အပိုဒ် ၉၃၊ အပိုဒ် ၉၄၊ အပိုဒ် ၉၅ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၈၉၊ အပိုဒ် ၉၀၊ အပိုဒ် ၉၁၊ အပိုဒ် ၉၂၊ အပိုဒ် ၉၃၊ အပိုဒ် ၉၄၊ အပိုဒ် ၉၅ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

ပြည်သူ့လွှတ်တော်၏ ပြင်ဆင်ချက် -

အပိုဒ်၉၇၊ အပိုဒ် ၁၀၂(က)

၉၇။ တည်ဆဲဥပဒေ တစ်ရပ်ရပ်တွင် သော်လည်းကောင်း၊ စာချုပ်စာတမ်းတစ်ခုခုတွင် သော်လည်းကောင်း၊ အမှတ်အသား တစ်ခုခုတွင် သော်လည်းကောင်း၊ မှတ်ပုံတင်စာရင်းကိုင်ဟု ရည်ညွှန်းထားလျှင် ထိုရည်ညွှန်းချက်သည် ဤဥပဒေတွင် အဓိပ္ပာယ် ဖော်ပြထားသည့် လက်မှတ်ရ ပြည်သူ့စာရင်းကိုင် (အောင်) သို့မဟုတ် လက်မှတ်ရ ပြည်သူ့ စာရင်းကိုင် (ပြည့်မီ)ကို ရည်ညွှန်းသည်ဟု မှတ်ယူရမည်။

၁၀၂။ (က) ပြည်ထောင်စု စာရင်းစစ်ချုပ်ရုံးသည် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉၇၊ အပိုဒ် ၁၀၂ (က) ပြင်ဆင်ချက် အတည်ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉၇၊ အပိုဒ် ၁၀၂(က)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်-

ပြည်သူ့လွှတ်တော်က အပိုဒ် ၂(ဈ)၊ အပိုဒ် ၁၀၁(ခ)တို့ကို မူလအဆိုပြုချက်အတိုင်း ထားရှိရန်ဟု တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပြည်သူ့လွှတ်တော်၏ အတည်ပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့် ပုဂ္ဂိုလ်က ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏အစီရင်ခံစာကို ပြန်လည်ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၁း၄၁။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၇)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ကော်မတီက ပြန်လည်ဖတ်ကြား တင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၄၁။**

**ဦးကျော်ကျော်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ ဥက္ကဋ္ဌကြီးနှင့် အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များကို မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သ ဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ အမျိုးသား

လွှတ်တော် ဥပဒေကြမ်းကော်မတီဝင် ဦးကျော်ကျော် ဖြစ်ပါတယ်။ အခု ကော်မတီရဲ့အစီရင်ခံစာကို ကျွန်တော် ဖတ်ကြားတင်သွင်းပေးပါမယ်။

၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအပေါ်
စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ (ကော်မတီ-၁)၁/၂၀၁၅-၂၂၇

ရက်စွဲ၊ ၂၀၁၅ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၂ ရက်

၁။ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးခင်မောင်ရီ ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက ၁၆-၂-၂၀၁၅ ရက်နေ့တွင်၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါသည်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၁၆-၃-၂၀၁၅ ရက်နေ့ တွင် အမျိုးသား လွှတ်တော်ကိုယ်စားလှယ်များ ဖြစ်ကြသော ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၂)မှ ဦးဇုန်လှယ်ထန်း၊ ချင်းပြည်နယ်၊ မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးဆလိုင်းခွဲယန်နှင့် မကွေးတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၄)မှ ဦးအောင်ကြည်ညွန့် တို့က အကြံပြု ဆွေးနွေးခဲ့ပါသည်။ အဆိုပါ အကြံပြု ဆွေးနွေးချက်များအပေါ် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီက ပြန်လည်ကြားနာရန် လွှတ်တော်ဥက္ကဋ္ဌက တာဝန် ပေးအပ်ခဲ့ပါသည်။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အကြံပြုဆွေးနွေးခဲ့ကြသော အမျိုးသားလွှတ်တော်ကိုယ်စားလှယ် (၃)ဦး၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် ၂-၄-၂၀၁၅ ရက်နေ့တွင် တွေ့ဆုံညှိနှိုင်းဆွေးနွေးခဲ့ ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးဇုန်လှယ်ထန်း၊ ဦးဆလိုင်းခွဲယန် နှင့် ဦးအောင်ကြည်ညွန့် တို့က ၎င်းတို့၏ လွှတ်တော်တွင်း ဆွေးနွေးချက်များအနက်မှ မူလဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ(ဂ) အသစ် ဖြည့်စွက်ခြင်းကို ပယ်ဖျက်ပေးပါရန်အချက်ကို အဓိကရပ်တည်တင်ပြဆွေးနွေးခဲ့ကြပါသည်။ အမျိုးသား လွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် အဆိုပါအချက်အပေါ် ပြန်လည်လေ့လာသုံးသပ်ရာတွင် မူလ ဥပဒေပုဒ်မ ၁၄၊ ပုဒ်မခွဲ (က) တွင် ဖော်ပြထားသည့် ပြဋ္ဌာန်းချက်များနှင့် ပုဒ်မ ၁၄၊ ပုဒ်မခွဲ (ဂ) အဖြစ် ယခု အသစ်ဖြည့်စွက်မည့် ဖော်ပြချက်တို့သည် ရှေ့နောက်ဆီလျော်မှုမရှိသကဲ့သို့ ဖြစ်နေကြောင်း သုံးသပ်တွေ့ ရှိရပါသဖြင့် ဖြည့်စွက်လိုသည့်အချက်ကို မူလဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)၌ ခြွင်းချက်အဖြစ် ထည့်သွင်း ၍ နာရေးကိစ္စအကြောင်းအရာကို ပိုမိုပြည့်စုံမှုရှိစေရန် ပြင်ဆင်ဖြည့်စွက်သင့်ကြောင်း လေ့လာသုံးသပ် တွေ့ရှိရပါသည်။

၃။ သို့ဖြစ်ပါ၍ မူလဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က)၏အောက်တွင် အောက်ပါအတိုင်း ခြွင်းချက် အဖြစ် ပြင်ဆင်ဖြည့်စွက်သင့်ပါကြောင်း လေ့လာတွေ့ရှိရပါသည် -

ခြွင်းချက်။ ။ သို့ရာတွင် ဥက္ကဋ္ဌက လွှတ်တော်၌ အရေးကြီးသော ဆုံးဖြတ်ချက် ချမှတ်ရန် ရှိသည်ဟု (၃)ရက် ကြိုတင်ကြေညာထားလျှင် နီးစပ်ရာ ဆွေမျိုးသားချင်း များ၏ နာရေးကိစ္စ သို့မဟုတ် လွှတ်တော်သို့ တက်ရောက်ရန် မဖြစ်နိုင်

သည့် ခိုင်လုံသောအကြောင်း ရှိသည့်မှတစ်ပါး လွှတ်တော်ကိုယ်စားလှယ်
သည် ခွင့်ပန်ကြားခြင်းမပြုရ။

ကော်မတီ၏သဘောထားမှတ်ချက်

၄။ သို့ဖြစ်ပါ၍ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို အကြံပြုဆွေးနွေးခဲ့သော လွှတ်တော် ကိုယ်စားလှယ်များ ဖြစ်ကြသည့် ဦးဇုန်လှယ်ထန်း၊ ဦးဆလိုင်းခွဲယန်၊ ဦးအောင်ကြည်ညွန့်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှ ပညာရှင်များနှင့် အသေးစိတ်ညှိနှိုင်းဆွေးနွေးခဲ့ပြီး ပြင်ဆင် ဖြည့်စွက်ထားခြင်းဖြစ်ပါ၍ အမျိုးသားလွှတ်တော်မှ အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြ အပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၄၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၈)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီ အလိုက် အတည် ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၂

၂။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၂၊ ပုဒ်မခွဲ (ဇ)တွင် ပါရှိသော ပြည်ထောင်စု ရာထူးဝန်အဖွဲ့တို့ကိုလည်းကောင်း ဆိုသည့် စကားရပ်နောက်တွင် ပြည်ထောင်စု လွှတ်တော်က ဥပဒေပြဋ္ဌာန်း၍ အဆိုပါ ဥပဒေတွင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းအဖြစ် သတ်မှတ် ဖွဲ့စည်းသည့် နိုင်ငံတော် အဆင့် သို့မဟုတ် ဗဟိုအဆင့် အဖွဲ့အစည်းများကို လည်းကောင်း ဆိုသည့် စကားရပ်ကို ဖြည့်စွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၂ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၂ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ဖြည့်စွက်ချက် -

အပိုဒ် ၉

၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေ ပုဒ်မ ၁၄၊ ပုဒ်မခွဲ(က) ၏အောက်တွင် အောက်ပါအတိုင်း ဖြည့်စွက်ရမည် -

ခြွင်းချက်။ ။ သို့ရာတွင် ဥက္ကဋ္ဌက လွှတ်တော်၌ အရေးကြီးသော ဆုံးဖြတ်ချက် ချမှတ်ရန် ရှိသည်ဟု (၃)ရက် ကြိုတင်ကြေညာထားလျှင် နီးစပ်ရာ ဆွေမျိုးသားချင်းများ၏ နာရေးကိစ္စ သို့မဟုတ် လွှတ်တော်သို့ တက်ရောက်ရန် မဖြစ်နိုင်သည့် ခိုင်လုံသောအကြောင်း ရှိသည်မှတစ်ပါး လွှတ်တော်ကိုယ်စားလှယ်သည် ခွင့်ပန်ကြားခြင်းမပြုရ ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၉ ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၆

၁၆။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၅၀၊ ပုဒ်မခွဲ(င)ကို အောက်ပါအတိုင်း အစားထိုးရမည် -

(င) လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနှင့်အဖွဲ့များက လုပ်ငန်းတာဝန်နှင့် ဆက်စပ်သော ကိစ္စအတွက် ဆွေးနွေးတင်ပြရန် ပြည်ထောင်စုဝန်ကြီး သို့မဟုတ် ဒုတိယဝန်ကြီး အပါအဝင် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းတစ်ရပ်ရပ်ကို ကိုယ်စားပြုသော အဖွဲ့အစည်းဝင်များကို တိုက်ရိုက်ဖိတ်ကြားပါက လာရောက်ရှင်းလင်းဖြေကြားရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၆ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၆ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အပိုဒ် ၁၉

၁၉။ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၆၂ ၏ နောက်တွင် ပုဒ်မ ၆၂-က ကို အောက်ပါအတိုင်း ဖြည့်စွက်ရမည်-

၆၂-က။ လွှတ်တော်ကိုယ်စားလှယ်များသည် နောင်လာမည့် သက်တမ်းအတွက် ရွေးကောက်ပွဲတွင် ရှုံးနိမ့်စေကာမူ သို့မဟုတ် ရွေးကောက်ပွဲ မဝင်ရောက်စေကာမူ လက်ရှိ လွှတ်တော်သက်တမ်း ကုန်ဆုံးသည့်နေ့အထိ လွှတ်တော် အစည်းအဝေးများကို တက်ရောက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အပိုဒ် ၁၉ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အပိုဒ် ၁၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

အဆိုပြုပြင်ဆင်ထားသည့် ဥပဒေကြမ်း၏ အပိုဒ် ၁၁ ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည် ပြုချက် -

အဆိုပြု ပြင်ဆင်ထားသည့် ဥပဒေကြမ်း၏

အပိုဒ်၁၊ အပိုဒ် ၃၊ အပိုဒ် ၄၊ အပိုဒ် ၅၊ အပိုဒ် ၆၊ အပိုဒ် ၇၊ အပိုဒ် ၈၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃၊ အပိုဒ် ၁၄၊ အပိုဒ် ၁၅၊အပိုဒ် ၁၇၊ အပိုဒ် ၁၈ တို့နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့် အပိုဒ် ၁၀ နှင့် အပိုဒ် ၁၁ တို့ကို မူလအဆိုပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည် ဖြစ်သည်။

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၁၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၁၉ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်း အမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

**ဦးခင်မောင်ရီ၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) (ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)က ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၉)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ ၂၀၁၂ ခုနှစ်၊ အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆) ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ ဦးခင်မောင်ရီ က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဦးခင်မောင်ရီ(ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥက္ကဋ္ဌကြီးနဲ့ လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကို လေးစားစွာ ဂါရဝပြု နှုတ်ခွန်းဆက်အပ်ပါတယ်။ မိမိအနေနဲ့ ၁၆-၂-၂၀၁၅ ရက်နေ့က တင်သွင်းခဲ့တဲ့ ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီ အတည်ပြုပြီးဖြစ်တဲ့အတွက်ကြောင့် ဥပဒေကြမ်းတစ်ရပ်လုံးအား အတည်ပြုပေးနိုင်ပါရန်အတွက် လေးစားစွာ အဆိုတင်သွင်းအပ်ပါတယ် ခင်ဗျား။ ကျေးဇူးတင်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဥက္ကဋ္ဌ**။ ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၁း၅၄။**

**ဦးထွန်းမြင့်၊ စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)**။ ။ ဧရာဝတီတိုင်းဒေသကြီး၊ မဲဆန္ဒနယ်အမှတ်(၆)၊ ဥက္ကဋ္ဌ၊ ဥပဒေကြမ်းကော်မတီ က ၂၀၁၂ ခုနှစ် အမျိုးသားလွှတ်တော်ဆိုင်ရာ

ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အဆိုတင်သွင်းခြင်းကို စစ်ကိုင်းတိုင်းဒေသကြီး မဲဆန္ဒနယ် အမှတ်(၆)မှ ကျွန်တော် ဦးထွန်းမြင့် က ထောက်ခံအပ်ပါတယ်။

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းအား ပြင်ဆင်ထားသည့် အတိုင်း အတည်ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ၂၀၁၂ ခုနှစ်၊ အမျိုးသား လွှတ်တော်ဆိုင်ရာ ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

**အချိန်၊ ၁၁း၅၅။**

**ဥက္ကဋ္ဌ**။ ။ နေ့လယ်စာ သုံးဆောင်ဖို့ အစည်းအဝေးကို (၁)နာရီ ရပ်နားပါမယ်။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီ ခင်ဗျား။

[အစည်းအဝေးကို ၁၁း၅၆ နာရီအချိန်တွင် ခေတ္တရပ်နားပြီး ၁၂း၅၆ နာရီအချိန်တွင် ပြန်လည် ကျင်းပပါသည်။]

**အချိန်၊ ၁၂း၅၆။**

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာဖြစ်ပါတယ် ခင်ဗျား။

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ကြွရောက်လာပါပြီခင်ဗျား။

[အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ သည် ဥက္ကဋ္ဌ အတွက် သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။]

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**အချိန်၊ ၁၃း၀၇**။

**ဥက္ကဋ္ဌ**။ ။ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ နေ့လယ်ပိုင်းခွင့် (၃)ဦး ရှိပါတယ်။ ဦးစိုးအောင်၊ မန္တလေး(၁၁)၊ ကိုယ်တိုင်ဆောင်ရွက်ရန်။ ဦးဌေးမောင်၊ မန္တလေး(၁၂)၊ ဆေးစစ်ရန်။ ဗိုလ်မှူးချုပ်ကျော်ဦးလွင်၊ တပ်မတော်၊ ဥပဒေကြမ်းကော်မတီအစည်းအဝေး ဖြစ်ပါတယ်။ ယခု တင်ပြ ခဲ့တဲ့ နေ့လယ်ပိုင်းခွင့်များကို ခွင့်ပြုဖို့ လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောတူတဲ့အတွက် နေ့လယ်ပိုင်းခွင့်များကို လွှတ်တော်က ခွင့်ပြုကြောင်း ကြေညာပါတယ်။

**အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ ဥက္ကဋ္ဌ သို့မဟုတ် ယင်းက တာဝန်ပေးအပ်သည့်ပုဂ္ဂိုလ်က မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းခြင်း**

**အချိန်၊ ၁၃း၀၇**။

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၁)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ ၏ အစီရင်ခံစာကို ကော်မတီက ဖတ်ကြားတင်သွင်းမှာ ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၀၇**။

**ဦးဝင်းမောင် (အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော အမျိုးသား လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၂)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီအဖွဲ့ဝင် ဦးဝင်းမောင် ဖြစ်ပါတယ် ခင်ဗျား။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌရဲ့ တာဝန်ပေးအပ်ချက်အရ ကျွန်တော် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာကို ဖတ်ကြားမှာ ဖြစ်ပါတယ် ခင်ဗျား။

အမျိုးသားလွှတ်တော်၊ဥပဒေကြမ်းကော်မတီ၏မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ<br>အမျိုးသားကော်မတီဥပဒေကြမ်းအပေါ် စိစစ်တင်ပြခြင်း အစီရင်ခံစာ

စာအမှတ်၊ ၁/အမ(ကော်မတီ-၁)၁/၂၀၁၅-၂၆၁<br>ရက်စွဲ ၊ ၂၀၁၅ ခုနှစ်၊ မေ လ ၁၂ ရက်

၁။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့် က ၁၉-၃-၂၀၁၅ ရက်နေ့တွင် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်း ကို အမျိုးသားလွှတ်တော်သို့ တင်သွင်းခဲ့ပါတယ်။ ယင်းဥပဒေကြမ်းနှင့် စပ်လျဉ်း၍ ၅-၅-၂၀၁၅ ရက်နေ့တွင် အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီဝင်များ၊ အမျိုးသားလွှတ်တော်၊ နိုင်ငံရေး၊ စီးပွားရေးနှင့် ဥပဒေရေးရာကော်မရှင်မှတာဝန်ရှိသူများ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ဦးမျိုးမြင့်၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ ဒုတိယဝန်ကြီး ဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များ၊ လျှပ်စစ်စွမ်းအား

ဝန်ကြီးဌာနမှ ဒုတိယဝန်ကြီးဦးဆောင်သော တာဝန်ရှိပုဂ္ဂိုလ်များ၊ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာနမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် တွေ့ဆုံ၍ ဆွေးနွေးညှိနှိုင်းခဲ့ပါသည်။

လေ့လာတွေ့ရှိချက်

၂။ အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီသည် မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသား ကော်မတီဥပဒေကြမ်းကို လေ့လာစိစစ်ရာ အောက်ပါအတိုင်း တွေ့ရှိရပါသည် -

(က) မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ခ) တွင်ဖော်ပြထားသော စကားရပ်များအစား တမံကြီးများဆိုသည်မှာ အမြင့် (၁၅) မီတာနှင့်အထက် (သို့မဟုတ်) အမြင့် (၅ မီတာမှ ၁၅ မီတာ)ထိရှိ၍ ရေထုထည်ပမာဏ (၃)သန်းကုဗမီတာနှင့်အထက် သိုလှောင် နိုင်သော မြေသားတမံ၊ ကျောက်ဖြည့်တမံ၊ ကွန်ကရစ်တမံများကို ဆိုသည် ဆိုသည့် စကားရပ်ဖြင့် အသစ်ဖြည့်စွက်သင့်ကြောင်း၊ မူလဥပဒေကြမ်း အပိုဒ် ၂၊ အပိုဒ်ခွဲ (ဂ) တွင် ဖော်ပြထားသော စကားရပ်များအစား အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင် ဆိုသည်မှာ International Commission on Large Dams (ICOLD) ကို ဆိုသည်။ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၂)၊ အပိုဒ်ခွဲ (င)တွင် ဖော်ပြထားသော လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းထားသော ဆိုသည့် စကားရပ် ကို လိုအပ်ချက်နှင့်အညီ ကော်မတီက ဖွဲ့စည်းထားသော ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် (၂)၊ အပိုဒ်ခွဲ (စ)တွင် ဖော်ပြထားသော စကားရပ်များအစား တာဝန်ခံဝန်ကြီးဌာန ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်(၂)၊ အပိုဒ်ခွဲ(ဇ) တွင် ဖော်ပြ ထားသော စကားရပ်များအစား အတွင်းရေးမှူးများအဖွဲ့ ဆိုသည်မှာ အလုပ်အမှုဆောင် ကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင် ကော်မတီက တာဝန်ပေးအပ်သော အဖွဲ့များ ပါဝင်ဖွဲ့စည်းပြီး သတင်းအချက်အလက် များ ရယူစိစစ်ခြင်းလုပ်ငန်းနှင့် ကော်မတီရုံးလုပ်ငန်းကို ဦးစီးဆောင်ရွက်သော အမြဲတမ်းအဖွဲ့ အစည်းကိုဆိုသည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ခ) မူလဥပဒေကြမ်းအပိုဒ် (၃)၏ ခေါင်းစဉ်ကို ကော်မတီ၏ ဖွဲ့စည်းခြင်းဆိုင်ရာ အခြေခံ မူများ မှာအောက်ပါအတိုင်းဖြစ်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် (၃)၊ အပိုဒ်ခွဲ(ခ) တွင် ဖော်ပြထားသော စကားရပ်များအစား မြန်မာစာအရေးအသား ဆီလျော်မှုရှိစေရန်အတွက် တမံကြီးများ တည်ဆောက်ခြင်းလုပ်ငန်းနှင့် ပတ်သက်၍ လေ့လာခြင်း၊ စီမံခြင်း၊ စူးစမ်းခြင်း၊ ဒီဇိုင်းပုံစံရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး တမံကြီးများ ထိန်းသိမ်းလည်ပတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ စက်ယန္တရား၊ ယာဉ်နှင့် စက်ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ တည်ဆောက်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ နည်းပညာအချက်အလက်များ ဖလှယ်ခြင်းနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တမံကြီးများနှင့် သက်ဆိုင်သည့် စီးပွားရေးလုပ်ငန်းစသည့်တစ်ခုခုတွင် သတ်မှတ်ချက်များနှင့်အညီ

ပါဝင်ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း (သို့မဟုတ်) အဖွဲ့အစည်းများကို ကော်မတီ၏ အဖွဲ့ဝင်များဖြင့် အခြေခံ၍ ဖွဲ့စည်းရမည်ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၁၂) ကို အပိုဒ်(၃)၊ အပိုဒ်ခွဲ(ဂ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ကော်မတီကို အမြတ်အစွန်းအတွက် မဟုတ်ဘဲ လွတ်လပ်၍ ကိုယ်ပိုင်ရပ်တည်နိုင်သော အခြေခံမူများနှင့်အညီ တည်ထောင်ရမည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်းအပိုဒ် (၄)၊ အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော စကားရပ်များအစား ကော်မတီအဖွဲ့ဝင်များသည် တမံကြီးများ၏ လုပ်ငန်းဆိုင်ရာ တာဝန်ဝတ္တရားများကို သိရှိနားလည်စေရန် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်(၄) အပိုဒ်ခွဲ(က) တွင် ဖော်ပြထားသော ကော်မတီအဖွဲ့ဝင်များ၏ စိတ်အားထက်သန်မှုနှင့် ခံယူချက် ကို မြှင့်တင်ပေးရန် ဆိုသည့်စကားရပ်ကို အပိုဒ် (၄)၊ အပိုဒ်ခွဲ (ခ) အဖြစ်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၄)၊ အပိုဒ်ခွဲ(ခ)၊ (ဂ)နှင့် (ဃ) တို့ကို အပိုဒ်ခွဲ (ဂ)၊ (ဃ) နှင့် (င) အဖြစ် လည်းကောင်း ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်ခွဲ (ဂ) တွင် ဖော်ပြထားသော အသက်မွေးဝမ်းကျောင်းမှုဆိုင်ရာ လုပ်ငန်းကို မြှင့်တင်ပေးရန် ဆိုသည့်စကားရပ်ကို ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရန် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်(၄)၊ အပိုဒ်ခွဲ(င) တွင် ဖော်ပြထားသော စကားရပ်များအစား မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် တည်ဆောက်ရန်ရှိသည့် တမံကြီးများ၏ လုံခြုံ စိတ်ချရမှု၊ ခိုင်ခံ့တည်ငြိမ်မှု၊ သဘာဝ ပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေးပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှု၊ စွမ်းရည်မြင့်မားတိုးတက်မှု၊ သိပ္ပံနှင့် နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက် ရန် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၆)ကို အပိုဒ်(၄)၊ အပိုဒ်ခွဲ(စ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များ အစား တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာဥပဒေများ နှင့်အညီ နိုင်ငံတွင်း၊ ဒေသတွင်း အပါအဝင် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာ ကော်မရှင်များနှင့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်ရန် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီး အစားထိုးပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဂ) မူလဥပဒေကြမ်း အခန်း(၃) အခန်းခေါင်းစဉ်တွင်ဖော်ပြထားသော ကော်မတီဖွဲ့စည်း တည်ထောင်ခြင်း ဆိုသည့်စကားရပ်ကို ကော်မတီဖွဲ့စည်းခြင်း ဆိုသည့် စကားရပ် ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၇)ကို အပိုဒ်(၅) အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား တာဝန်ခံဝန်ကြီး ဌာန သည် ကော်မတီကို စတင်ဖွဲ့စည်းရာတွင် တမံကြီးများနှင့်သက်ဆိုင်သည့် ပြည်ထောင်စု ဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများ မှ ပုဂ္ဂိုလ်များ၊ ဝါရင့်ပညာရှင် များပါဝင်သည့် ခုနစ်ဦးထက်မပိုသော နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည် ဆိုသည့် စကားရပ် ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၈)ကို အပိုဒ်(၆) အဖြစ် ပြောင်းလဲအမှတ်

စဥ်ပြီး နာယကအဖွဲ့သည် ပထမအကြိမ် အထွေထွေညီလာခံ ကျင်းပချိန်မတိုင်မီ ဗဟိုကော်မတီကို ရွေးချယ်ဖွဲ့စည်းပေးရမည်။ ပထမအကြိမ် အထွေထွေညီလာခံကျင်းပဆောင်ရွက်သည့် အချိန်မှစ၍ အထွေထွေညီလာခံက ဗဟိုကော်မတီနှင့် ဗဟိုအလုပ်အမှုဆောင်ကော်မတီတို့ကို ရွေးချယ်တင်မြှောက်ခြင်း၊ နာယကအဖွဲ့ ဖွဲ့စည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် ၆၊ အပိုဒ်ခွဲ(က)ပါ စကားရပ်များအစား ကော်မတီကို တင်းပြည့်အဖွဲ့ဝင်များ၊ ဗဟိုကော်မတီဝင်များနှင့် အလုပ်အမှုဆောင် ကော်မတီဝင်များဖြင့် ဖွဲ့စည်းရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ် (၆)၊ အပိုဒ်ခွဲ(ခ) နှင့် (ဂ) တို့တွင်ပါရှိသော ဖွဲ့စည်းရမည် ဆိုသည့်စကားရပ်ကို ရွေးကောက်တင်မြှောက်ရမည်" ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ ဗဟိုကော်မတီသည် လယ်ယာ စိုက်ပျိုးရေး နှင့် ဆည်မြောင်းဦးစီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတစ်ဦး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန ဒုတိယဝန်ကြီးတစ်ဦး တို့ အပါအဝင် ဝါရင့်ပညာရှင်များ ပါဝင်သည့် ခုနှစ်ဦးထက်မပိုသော နာယကအဖွဲ့ကို ဖွဲ့စည်းရမည် ဆိုသည့် စကားရပ်ကို အပိုဒ် (၆)၊ အပိုဒ်ခွဲ (ဃ) အဖြစ်လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဃ) မူလဥပဒေကြမ်း အပိုဒ် (၁၀) ကို အပိုဒ် (၈) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး အပိုဒ်(၈) အပိုဒ်ခွဲ(ဃ) အဖြစ် နာယကအဖွဲ့ကိုဖွဲ့စည်းခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၁၄)ကို အပိုဒ်(၁၁)အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ဒေသတွင်းအဖွဲ့ခွဲများကို အနည်းဆုံး တင်းပြည့်အဖွဲ့ဝင်(၁၅)ဦးရှိသော ဒေသများတွင် ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲ၏ အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပပြီး အောက်ပါတို့ကို ဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၁၅)ကို အပိုဒ်(၁၂)အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ယင်းတွင် ဖော်ပြထားသော ဆွေးနွေးချက်များ ကို ဗဟိုကော်မတီသို့ တင်ပြခြင်းတို့ကို ဒေသတွင်းအဖွဲ့ခွဲများနည်းတူ ဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ကို ဆွေးနွေးချက်များနှင့် စပ်လျဥ်း၍ ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ရမည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၁၆)ကို အပိုဒ်(၁၃)အဖြစ် ပြောင်းလဲ အမှတ်စဥ်ပြီး ယင်းတွင်ပါရှိသော စည်းမျဥ်းစည်းကမ်းများနှင့်အညီ ဆိုသည့် စကားရပ်ကို သတ်မှတ်ချက်များနှင့်အညီ ဆိုသည့် စကားရပ်များဖြင့် လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(င) မူလဥပဒေကြမ်း အပိုဒ်(၁၇)ကို အပိုဒ်(၁၄)အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး အပိုဒ်(၁၄)၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား တမံကြီးများ တည်ဆောက်၍ အသုံးချရာတွင် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ ဘေးကင်းလုံခြုံစိတ်ချစေရေးနှင့် စွမ်းဆောင်ရည်မြင့်မားသော ရင်းနှီးမြှုပ်နှံမှုများ ဖြစ်စေရေးအတွက် အဖွဲ့ဝင်များ၏ အသိအမြင်များကို မြှင့်တင်ပေးခြင်း၊ ဖန်တီးနိုင်စွမ်းနှင့် စိတ်အားထက်သန်မှုတို့ကို တိုက်တွန်းအားပေးခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်

(၁၄)၊ အပိုဒ်ခွဲ(ခ) တွင် ဖော်ပြထားသော စကားရပ်များအစား အရည်အသွေး မြင့်မားသောတမံကြီးများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပါဝင်ကြသော လူ့စွမ်းအားအရင်း အမြစ်များကို လေ့ကျင့်ပညာပေးခြင်းနှင့် လုပ်ငန်းစွမ်းရည်အဆင့် တိုးတက်မြင့်မားစေရန် ကူညီဆောင်ရွက်ပေးခြင်း၊ တိုက်တွန်းအားပေးခြင်း ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်(၁၄)၊ အပိုဒ်ခွဲ(င) တွင် ဖော်ပြထားသော စကားရပ်များအစား ကော်မတီသည် ရေအရင်းအမြစ်များ ထုတ်နုတ်အသုံးချမှုဆိုင်ရာ အခြားဆက်စပ် အဖွဲ့အစည်းများနှင့် ပေါင်းစည်းညှိနှိုင်း၍ တမံကြီးများကို တည်ဆောက်အကောင်အထည်ဖော် ဆောက်ရွက်ရာတွင် ပူးပေါင်းတာဝန်ယူ ဆောင်ရွက်ခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်(၁၄)၊ အပိုဒ်ခွဲ(စ)တွင် ဖော်ပြထားသော စကားရပ်များအစား သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်မှု များကို တိုးမြှင့်ဆောင်ရွက်ခြင်း၊ အပိုဒ်(၁၈)ကို အပိုဒ်(၁၅)အဖြစ် ပြောင်းလဲအမှတ် စဉ်ပြီး အပိုဒ်(၁၅) ၏ ခြေဆင်းကို ကော်မတီ ၏ လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်း ဖြစ်သည် ဆိုသည့် စကားရပ်ဖြင့်လည်း ကောင်း၊ အပိုဒ်(၁၅)၊ အပိုဒ်ခွဲ(ဃ)ကို အပိုဒ်ခွဲ(ဇ) အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး ယင်းတွင် ဖော်ပြထားသော စကားရပ်များအစား ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ၊ အလုပ်ရုံ ဆွေးနွေးပွဲများ၊ နိုင်ငံတွင်းနှင့် အပြည်ပြည် ဆိုင်ရာတမံကြီးများနှင့်ဆိုင်သော လုပ်ငန်း အုပ်စုများတွင် မိမိ၏ အဖွဲ့ဝင်များကို ပါဝင်ဆောင်ရွက်ရန် တာဝန် သတ်မှတ်ပေးခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်(၁၅)၊ အပိုဒ်ခွဲ(င)ကို အပိုဒ်ခွဲ(ဈ) အဖြစ် ပြောင်းလဲ အမှတ်စဉ်ပြီး အပိုဒ်ခွဲ(ဈ)၊ (ဌ) နှင့် (ဍ) တို့တွင်ပါရှိသော ကော်မတီဝင် ဆိုသည့် စကားရပ်ကို အဖွဲ့ဝင်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

( စ ) မူလဥပဒေကြမ်း အခန်း(၆) အခန်းခေါင်းစဉ်တွင် ဖော်ပြထားသော စကားရပ်များ အစား အဖွဲ့ဝင်များ၏ တာဝန်နှင့် အခွင့်အရေးများ ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၁၉)ကို အပိုဒ်(၁၆)အဖြစ် ပြောင်းလဲအမှတ် စဉ်ပြီး အပိုဒ်ခွဲ(က)တွင် ပါရှိသော တက်ကြွစွာ ဆိုသည့်စကားရပ်ကို ပယ်ဖျက်ရန် လည်းကောင်း၊ ယင်းတွင်ပါရှိသော ကော်မတီသို့ သတ်မှတ်ထားသည့် အခကြေးငွေ များ ပေးသွင်းခြင်း ဆိုသည့်စကားရပ်ကို အပိုဒ်(၁၆)၊ အပိုဒ်ခွဲ(င)အဖြစ် လည်းကောင်း၊ ကော်မတီအဖွဲ့ဝင်များသည် ကော်မတီ၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရေးအတွက် ကော်မတီလုပ်ငန်းရပ်များကို အခကြေးငွေ ရယူခြင်းမရှိဘဲ အစဉ်တစိုက်ပါဝင် ဆောင်ရွက်ခြင်း ဆိုသည့်စကားရပ် ကို အပိုဒ်(၁၆)၊ အပိုဒ်ခွဲ(ဃ)အဖြစ်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၂၀)ကို အပိုဒ်(၁၇)အဖြစ် လည်းကောင်း ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်(၁၇)၊ အပိုဒ်ခွဲ(က)တွင် ဖော်ပြထားသော စကားရပ်များအစား ကော်မတီ၏ ဆောင်ရွက်မှုများ၊ ဆွေးနွေးမှုများ တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ တွဲဖက်အဖွဲ့ဝင်

များနှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များမှအပဖြစ်သော အဖွဲ့ဝင်များသည် မဲပေးရွေးချယ်မှုနှင့် ဖွဲ့စည်းတာဝန်ပေးမှုတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း ဆိုသည့်စကားရပ်ကို အပိုဒ်(၁၇)၊ အပိုဒ်ခွဲ(ခ)အဖြစ် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၂၁)ကို အပိုဒ်(၁၈) အဖြစ် ပြောင်းလဲအမှတ်စဥ်ပြီး ကော်မတီသည် မြန်မာနိုင်ငံ၏ တမံကြီးများနှင့် ဆက်စပ်လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော သို့မဟုတ် စိတ်ပါဝင်စားသော နိုင်ငံ့ဝန်ထမ်းများ အပါအဝင် မြန်မာနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဥ်းများကို သဘောတူပြီး ကော်မတီနှင့် ပူးပေါင်းဆောင်ရွက်ရန် အဆိုပြုလာလျှင် ကော်မတီ၏ အဖွဲ့ဝင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၂၁)တွင် ပါရှိသော ကော်မတီဝင်အမျိုးအစားများနှင့် ပါဝင် ဆောင်ရွက်ခွင့်တို့မှာ အောက်ပါအတိုင်း ဖြစ်သည် ဆိုသည့် စကားရပ်နှင့် မူလဥပဒေကြမ်း အပိုဒ်(၂၁)၊ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ) အပိုဒ်ခွဲငယ် (၁)၊ (၂)၊ (၃)၊ (၄) တို့ကို အပိုဒ်(၁၉)၊ အပိုဒ်ခွဲ(က)၊ (ခ)၊ (ဂ)၊ (ဃ) အပိုဒ်ခွဲငယ်(၁)၊ (၂)၊ (၃)၊ (၄) အဖြစ် ပြောင်းလဲ အမှတ်စဥ် ပြီး အပိုဒ်(၁၉)၊ အပိုဒ်ခွဲ(ဃ)၊ အပိုဒ်ခွဲငယ်(၁)တွင် ဖော်ပြထားသော တရားဝင်အဖွဲ့ဝင်များ ဆိုသည့် စကားရပ်ကို တင်းပြည့်အဖွဲ့ဝင်များ ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်(၁၉)၊ အပိုဒ်ခွဲ (ဃ)အဖြစ် အပိုဒ်ခွဲငယ်(၄)တွင် ဖော်ပြထားသော စကားရပ်များအစား တွဲဖက်အဖွဲ့ဝင်များနှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များသည် ဗဟိုကော်မတီ၊ အလုပ်အမှုဆောင် ကော်မတီတို့တွင် ရွေးချယ်ခံခွင့်၊ မဲပေးခွင့်တို့မှအပ ကော်မတီက ခွင့်ပြုထားသည့်ကိစ္စရပ်များကို ပါဝင်ဆောင်ရွက်ခွင့်ရှိသည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း အသီးသီးအစားထိုး ပြင်ဆင်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဆ) မူလဥပဒေကြမ်း အပိုဒ်(၂၂)တွင် ဖော်ပြထားသော အထွေထွေညီလာခံအစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ဗဟိုကော်မတီက ခေါ်ယူကျင်းပရမည် ဆိုသည့်စကားရပ်ကို အပိုဒ်(၂၀) အဖြစ်လည်းကောင်း၊ အထူးညီလာခံကို ဗဟိုကော်မတီဝင် သုံးပုံနှစ်ပုံနှင့် အထက် သို့မဟုတ် တရားဝင်အသိအမှတ်ပြု အဖွဲ့ဝင်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် အထက်ကတောင်းဆိုလျှင် အလုပ်အမှုဆောင်ကော်မတီက ခေါ်ယူပေးရမည်ဆိုသည့် စကားရပ်ကို အပိုဒ်(၂၁) အဖြစ်လည်းကောင်း၊ ညီလာခံသည် ပြီးခဲ့သည့် သက်တမ်းအတွင်း ဆောင်ရွက်ခဲ့သည့် အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေး၊ ဆုံးဖြတ်၊ မှတ်တမ်းတင်ခြင်း၊ ဖွဲ့စည်းပုံစည်းမျဥ်းများ ပြင်ဆင်ခြင်း၊ ဗဟိုကော်မတီရုံးအတွက် ဝန်ထမ်းများကို ခန့်ထားရန် ဆုံးဖြတ်ခြင်းတို့ကို ဆွေးနွေးအတည်ပြုဆောင်ရွက်ခွင့်ရှိသည် ဆိုသည့်စကားရပ်ကို အပိုဒ်(၂၂)အဖြစ်လည်းကောင်း ပြောင်းလဲအမှတ် စဥ်ပြီး ယင်းတွင် ဖော်ပြထားသော ညီလာခံ ဆိုသည့်စကားရပ်ကို အထွေထွေညီလာခံဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၂၃)တွင် ဖော်ပြထားသော လေးလလျှင် တစ်ကြိမ် ကျင်းပရမည် ဆိုသည့် စကားရပ်ကို အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊

မူလဥပဒေကြမ်းအပိုဒ် (၂၄) တွင် ဖော်ပြထား သော စကားရပ်များ အစား အလုပ်အမှုဆောင်ကော်မတီသည် ဗဟိုကော်မတီ၏ အမြဲတမ်းဦးဆောင် အဖွဲ့အစည်း ဖြစ်ပြီး အထွေထွေညီလာခံနှင့် ဗဟိုကော်မတီတို့၏ ဆုံးဖြတ်ချက်များကို အကောင် အထည်ဖော်ရန် တာဝန်ရှိသည်။ အလုပ်အမှုဆောင် ကော်မတီ အစည်းအဝေးကို နှစ်လလျှင် အနည်းဆုံး တစ်ကြိမ် ကျင်းပပြီး ဥက္ကဋ္ဌကသော်လည်းကောင်း၊ အလုပ် အမှုဆောင် ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်ကသော်လည်းကောင်း အဆိုပြုလျှင် အထူးအစည်းအဝေး ခေါ်ယူနိုင်သည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၂၅)၊ အပိုဒ်ခွဲ (ခ)၊ အပိုဒ်ခွဲငယ်(၃)တွင် ဖော်ပြထားသော စကားရပ်များအစား တည်ဆဲဥပဒေ တစ်ရပ်ရပ် ကို ချိုးဖောက်ခြင်းဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ်(၂၅)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၄) တွင် ဖော်ပြ ထားသော စကားရပ်များအစား လူမွဲအဖြစ် သက်ဆိုင်ရာ တရားရုံး၏ ကြေညာခံရခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်(၂၅)၊ အပိုဒ်ခွဲ(ခ)၊ အပိုဒ်ခွဲငယ်(၅) တွင် ဖော်ပြထားသော စကားရပ်များအစား စိတ်ပေါ့သွပ် သည်ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းသည့်အတိုင်း သတ်မှတ်ခံရခြင်း ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီးအစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိ ရပါသည်။

(ဇ) မူလဥပဒေကြမ်း အပိုဒ်(၂၆)တွင် ဖော်ပြထားသော စကားရပ်များအစား ကော်မတီ၏ ရန်ပုံငွေကို အဖွဲ့ဝင်များနှင့် အစုအဖွဲ့ဝင်များ၏ အသင်းဝင်ကြေးနှင့် ထည့်ဝင်ငွေများ ကော်မတီက ဖွဲ့စည်းထူထောင်ထားသော စီးပွားရေးအဖွဲ့အစည်းများ၏ဝင်ငွေများ၊ ပြင်ပပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများနှင့် အခြားတရားဝင် ရငွေများဖြင့် ထူထောင်ထားရှိရမည် ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ ရန်ပုံငွေ သုံးစွဲမှုကို စာရင်းစစ်ဆေးခံနိုင်ရန် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ စီမံဆောင်ရွက်ထားရှိရမည် ဆိုသည့် စကားရပ်ကို အပိုဒ်(၂၇)၊ အပိုဒ်ခွဲ(ဂ) အဖြစ် အသစ်ဖြည့်စွက်ပြီး မူလဥပဒေကြမ်း အပိုဒ်(၂၈)၊ အပိုဒ်ခွဲ(ခ)တွင် ဖော်ပြထားသော စကားရပ်များအစား ကော်မတီဝန်ထမ်းများ၏ လစာ၊ ထောက်ပံ့ကြေး၊ ဝန်ထမ်းရေး ရာကိစ္စများအတွက် သုံးစွဲခြင်း ဆိုသည့်စကားရပ်ဖြင့်လည်းကောင်း၊ အပိုဒ်(၂၉) တွင် ဖော်ပြထားသော လုပ်ငန်းကော်မတီ ဆိုသည့်စကားရပ်ကို အဖွဲ့ခွဲ ဆိုသည့်စကားရပ် ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အခန်း(၁၁) အခန်းခေါင်းစဉ်ကို မလိုအပ်၍ ပယ်ဖျက်ပြီး အခန်း(၁၂) ကို အခန်း(၁၁)အဖြစ် ပြောင်းလဲအမှတ်စဉ်ပြီး အပိုဒ်(၃၃) တွင် ဖော်ပြထားသော စကားရပ်များအစား ဗဟိုကော်မတီသည် ကော်မတီ၏ ဖွဲ့စည်းပုံကို အထွေထွေညီလာခံ၏ အတည်ပြုချက်ဖြင့် ပြင်ဆင်ဖြည့်စွက်ခွင့်ရှိသည် ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ်(၃၄) တွင် ဖော်ပြထား သော စကားရပ်များအစား အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီရုံး၏ ဝန်ထမ်း များကို သတ်မှတ်ချက်နှင့်အညီ ခန့်ထားရမည်။ ကော်မတီရုံးသည် အတွင်းရေးမှူးများ အဖွဲ့၏ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရမည် ဆိုသည့်စကားရပ်ဖြင့် လည်းကောင်း၊ မူလဥပဒေကြမ်း အပိုဒ် (၃၆) တွင် ဖော်ပြထားသော

စကားရပ်များအစား နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၊ အလုပ်အမှုဆောင်ကော်မတီဝင်များ နှင့် နာယကအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရ၏ သဘောတူညီချက်ဖြင့် တာဝန်ခံဝန်ကြီးဌာနက သတ်မှတ်ထားသည့် စရိတ်နှင့် ခံစားခွင့်များကို အောက်ပါ အတိုင်းခံစားခွင့်ရှိသည် ဆိုသည့် စကားရပ်ဖြင့် လည်းကောင်း၊ အပိုဒ် (၃၆)၊ အပိုဒ်ခွဲ (က) တွင်ဖော်ပြထားသော ရရှိနိုင်ခွင့် ဆိုသည့်စကားရပ်ကို ရပိုင်ခွင့်ဆိုသည့် စကားရပ်ဖြင့်လည်းကောင်း အသီးသီး အစားထိုးသင့်ကြောင်း လေ့လာတွေ့ရှိရပါ သည်။ အပိုဒ်(၃၇) တွင် ဖော်ပြထားသည့် လိုအပ်သော ဆိုသည့်စကားရပ်ကို မလိုအပ်၍ ပယ်ဖျက်သင့်ကြောင်း လေ့လာတွေ့ရှိရပါသည်။

(ဈ) မြန်မာစာစာလုံးပေါင်းသတ်ပုံနှင့် အရေးအသား အသုံးအနှုန်း မှန်ကန်မှုရှိစေရန် အတွက် လည်းကောင်း၊ ဥပဒေရေးထုံး မှန်ကန်မှုရှိစေရန်အတွက် လည်းကောင်း ပြောင်းလဲသွားသည့် အမှတ်စဉ်များအတိုင်း လိုအပ်သည်များကိုလည်း တစ်ပါတည်း ပြင်ဆင်ခဲ့ပြီး ဖြစ်ပါကြောင်းနှင့် ပြင်ဆင်ချက်အပြည့်အစုံကို နောက်ဆက်တွဲ ကန့်လန့်ဖြတ်ဇယားဖြင့် ပူးတွဲတင်ပြအပ်ပါသည်။

ကော်မတီ၏ သဘောထားမှတ်ချက်

၃။ သို့ဖြစ်ပါ၍ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းအပေါ် အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်များကို အမျိုးသားလွှတ်တော်က အတည်ပြုဆောင်ရွက်နိုင်ပါရန် အစီရင်ခံတင်ပြအပ်ပါသည်။

အမျိုးသားလွှတ်တော်၊ ဥပဒေကြမ်းကော်မတီ

**အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း**

**အချိန်၊ ၁၃း၂၆။**

**ဥက္ကဋ္ဌ**။ ။ အစီအစဉ်(၁၂)ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းအား တစ်ပိုဒ်ချင်းစီအလိုက် အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ် ရယူမှာ ဖြစ်ပါတယ်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ခေါင်းစဉ် ပြင်ဆင်ချက် -

မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေ

( ၂၀၁၅ ခုနှစ်၊ ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် ။)

၁၃၇၇ ခုနှစ်၊ လ ရက်

(၂၀၁၅ ခုနှစ်၊ လ ရက်)

ပြည်ထောင်စုလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ခေါင်းစဉ် ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် ခေါင်းစဉ် သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း ၁၊ အပိုဒ် ၂ (က)(ခ)(ဂ)(ဃ)(စ)(ဇ)

၂။ ဤဥပဒေတွင်ပါရှိသော အောက်ပါစကားရပ်များသည် ဖော်ပြပါအတိုင်း အဓိပ္ပာယ် သက်ရောက်စေရမည် -

(က) ကော်မတီ ဆိုသည်မှာ မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ (Myanmar National Committee on Large Dams) (MNCOLD) ကိုဆိုသည်။

(ခ) တမံကြီးများ ဆိုသည်မှာ အမြင့် ၁၅ မီတာနှင့်အထက် သို့မဟုတ် အမြင့် ၅ မီတာမှ ၁၅ မီတာအထိ ရှိ၍ ရေထုထည်ပမာဏ ၃ သန်းကုဗမီတာနှင့်အထက် သိုလှောင်နိုင်သော မြေသားတမံ၊ ကျောက်ဖြည့်တမံ၊ ကွန်ကရစ်တမံများကို ဆိုသည်။

(ဂ) အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင် ဆိုသည်မှာ International Commission on Large Dams (ICOLD) ကို ဆိုသည်။

(ဃ) နည်းပညာဆိုင်ရာ အဖွဲ့ခွဲများ ဆိုသည်မှာ အပြည်ပြည်ဆိုင်ရာ တမံကြီးများကော်မရှင်၏ နည်းပညာဆိုင်ရာ အဖွဲ့ခွဲများအား အခြေခံ၍ ဘာသာရပ်အလိုက် စုစည်းကာ လိုအပ်ချက်နှင့်အညီ ကော်မတီက ဖွဲ့စည်းထားသော အဖွဲ့ခွဲများကို ဆိုသည်။

(စ) တာဝန်ခံဝန်ကြီးဌာန ဆိုသည်မှာ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ကို ဆိုသည်။

(ဇ) အတွင်းရေးမှူးများအဖွဲ့ဆိုသည်မှာ အလုပ်အမှုဆောင် ကော်မတီ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူးများနှင့် အလုပ်အမှုဆောင်ကော်မတီက တာဝန်ပေးအပ်သော အဖွဲ့များ ပါဝင်ဖွဲ့စည်းပြီး သတင်းအချက်အလက် ရယူစိစစ်ခြင်းလုပ်ငန်းနှင့် ကော်မတီရုံး လုပ်ငန်းကို ဦးစီးဆောင်ရွက်သော အမြဲတမ်း အဖွဲ့အစည်းကို ဆိုသည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)(ခ)(ဂ)(င)(စ)(ဇ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၁)၊ အပိုဒ် ၂(က)(ခ)(ဂ)(င)(စ)(ဇ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း (၂) အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ (ခ)(ဂ)၊ အပိုဒ် (၄)(က)(ခ)(ဂ) (ဃ)(င)(စ)

၃။ ကော်မတီ၏ ဖွဲ့စည်းခြင်းဆိုင်ရာ အခြေခံမူများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(ခ) တမံကြီးများ တည်ဆောက်ခြင်းလုပ်ငန်းနှင့်ပတ်သက်၍ လေ့လာခြင်း၊ စီမံခြင်း၊ စူးစမ်းခြင်း၊ ဒီဇိုင်းပုံစံ ရေးဆွဲခြင်း၊ တည်ဆောက်ခြင်း၊ တည်ဆောက်ပြီး တမံကြီးများ ထိန်းသိမ်းလည်ပတ်ခြင်းနှင့် စီမံခန့်ခွဲခြင်း၊ စက်ယန္တရား၊ ယာဉ်နှင့် စက်ပစ္စည်း ကိရိယာများ ထုတ်လုပ်ခြင်း၊ တည်ဆောက်ရေးပစ္စည်းများ ထုတ်လုပ်ခြင်း၊ နည်းပညာ အချက်အလက်များ ဖလှယ်ခြင်းနှင့် ပစ္စည်းကိရိယာများ ထုတ်လုပ်ခြင်း၊ သဘာဝ ပတ်ဝန်းကျင် ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ တမံကြီးများနှင့် သက်ဆိုင်သည့် စီးပွားရေး လုပ်ငန်း စသည့်တစ်ခုခုတွင် သတ်မှတ်ချက်များနှင့်အညီ ပါဝင်ဆောင်ရွက်နေသည့် လူပုဂ္ဂိုလ်တစ်ဦးချင်း သို့မဟုတ် အဖွဲ့အစည်းများကို ကော်မတီအဖွဲ့ဝင်များဖြင့် အခြေခံ၍ ဖွဲ့စည်းရမည်။

(ဂ) ကော်မတီကို အမြတ်အစွန်းအတွက် မဟုတ်ဘဲ လွတ်လပ်၍ ကိုယ်ပိုင်ရပ် တည်နိုင်သော အခြေခံမူများနှင့်အညီ တည်ထောင်ရမည်

၄။ ကော်မတီ၏ ရည်ရွယ်ချက်များမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မတီအဖွဲ့ဝင်များသည် တမံကြီးများ၏ လုပ်ငန်းဆိုင်ရာ တာဝန်ဝတ္တရားများကို သိရှိနားလည်စေရန်၊

(ခ) ကော်မတီအဖွဲ့ဝင်များ၏ စိတ်အားထက်သန်မှုနှင့် ခံယူချက်ကို မြှင့်တင်ပေးရန်၊

(ဂ) ကော်မတီအဖွဲ့ဝင်များအချင်းချင်း တမံကြီးများဆိုင်ရာ သတင်းအချက်အလက်များနှင့် မိမိတို့၏ လုပ်ငန်းအတွေ့အကြုံများကို ဖလှယ်ပြီး ပညာရပ်ဆိုင်ရာ ကျွမ်းကျင်မှုကို မြှင့်တင်ပေးရန်၊

(ဃ) တမံကြီးများဆိုင်ရာ စီးပွားရေးနှင့် လူမှုရေး အကျိုးတရားများကို စိစစ်သုံးသပ်ရာတွင် အတိုင်ပင်ခံ ပညာရှင်များအဖြစ် ဆောင်ရွက်ပေးနိုင်ရန်၊

(င) မြန်မာနိုင်ငံအတွင်းရှိ တည်ဆောက်ပြီး၊ တည်ဆောက်ဆဲ နှင့် တည်ဆောက်ရန်ရှိသည့် တမံကြီးများ၏ လုံခြုံစိတ်ချရမှု၊ ခိုင်ခံ့တည်ငြိမ်မှု၊ သဘာဝပတ်ဝန်းကျင်၊ စီးပွားရေးနှင့် လူမှုရေး ပတ်ဝန်းကျင်တို့အပေါ် အကျိုးသက်ရောက်မှု၊ စွမ်းရည် မြင့်မားတိုးတက်မှု၊ သိပ္ပံနှင့်နည်းပညာဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုနှင့် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ ကိစ္စရပ်များအတွက် ကျယ်ပြန့်စွာ ဆွေးနွေးညှိနှိုင်းဆောင်ရွက်ရန်၊

(စ) တည်ဆဲဥပဒေ၊ နည်းဥပဒေများပါ ပြဋ္ဌာန်းချက်များနှင့် နိုင်ငံတကာ ဥပဒေများနှင့်အညီ နိုင်ငံတွင်း၊ ဒေသတွင်း အပါအဝင် အပြည်ပြည်ဆိုင်ရာ သိပ္ပံနှင့် နည်းပညာကော်မရှင်များနှင့် ပူးပေါင်းဆက်သွယ် ဆောင်ရွက်ရန် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၂) အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ (ခ)(ဂ)၊ အပိုဒ် ၄ (က)(ခ)(ဂ)(ဃ)(င)(စ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၂) အပိုဒ် ၃ ခြေဆင်း၊ အပိုဒ် ၃ (ခ)(ဂ)၊ အပိုဒ် ၄ (က)(ခ)(ဂ) (ဃ)(င)(စ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း (၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆ (က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၈ (ဃ)

## အခန်း (၃)

## ကော်မတီ ဖွဲ့စည်းခြင်း

၅။ တာဝန်ခံဝန်ကြီးဌာနသည် ကော်မတီကို စတင်ဖွဲ့စည်းရာတွင် တမံကြီးများနှင့် သက်ဆိုင်သည့် ပြည်ထောင်စုဝန်ကြီးဌာန၊ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းနှင့် အစိုးရမဟုတ်သော အဖွဲ့အစည်းများမှ ပုဂ္ဂိုလ်များ၊ ဝါရင့်ပညာရှင်များပါဝင်သည့် ခုနှစ်ဦးထက်မပိုသော နာယကအဖွဲ့ကို ပြည်ထောင်စုအစိုးရ အဖွဲ့၏ သဘောတူညီချက်ဖြင့် ဖွဲ့စည်းရမည်။

၆။ နာယကအဖွဲ့သည် ပထမအကြိမ် အထွေထွေညီလာခံ ကျင်းပချိန်မတိုင်မီ ဗဟိုကော်မတီကို ရွေးချယ်ဖွဲ့စည်းပေးရမည်။ ပထမအကြိမ် အထွေထွေ ညီလာခံကျင်းပဆောင်ရွက်သည့် အချိန်မှစ၍

အထွေထွေညီလာခံက ဗဟိုကော်မတီနှင့် ဗဟိုအလုပ် အမှုဆောင်ကော်မတီတို့ကို ရွေးကောက်တင်မြှောက်ခြင်း၊ နာယက အဖွဲ့ ဖွဲ့စည်းခြင်းတို့ကို သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်ရမည် -

(က) ကော်မတီကို တင်းပြည့်အဖွဲ့ဝင်များ၊ ဗဟိုကော်မတီဝင်များနှင့် အလုပ်အမှုဆောင်ကော်မတီဝင်များဖြင့် ဖွဲ့စည်းရမည်။

(ခ) ဗဟိုကော်မတီကို အဖွဲ့ဝင်များမှ သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ထားသည့် ကော်မတီဝင်ဦးရေ (၄၅) ဦးထက်မပိုသော ဦးရေဖြင့် ရွေးကောက်တင်မြှောက်ရမည်။ ဦးရေ နှစ်ခါထပ်နေတယ်။ တွေ့လား။ (ခ) ဗဟိုကော်မတီကို အဖွဲ့ဝင်များမှ သတ်မှတ်ချက်များနှင့်အညီ ရွေးချယ်ထားသည့် ကော်မတီဝင် (၄၅) ဦးထက်မပိုသော ဦးရေဖြင့် အဲဒီလိုဖြစ်ရမယ်။ သူက ကော်မတီဝင်ဦးရေ (၄၅) ဦးထက်မပိုသော ဦးရေဖြင့် အဲဒီလိုဖြစ်နေတယ်။

(ဂ) ဗဟိုကော်မတီဝင်များသည် မိမိတို့ကော်မတီဝင်များထဲမှ နိုင်ငံ့ဝန်ထမ်းများ အပါအဝင် အလုပ်အမှုဆောင်ကော်မတီကို စုစုပေါင်း အဖွဲ့ဝင်(၁၅) ဦးဖြင့် အောက်ပါအတိုင်း ရွေးကောက်တင်မြှောက်ရမည် -

| | |
|---|---|
| ဥက္ကဋ္ဌ | (၁) ဦး |
| ဒုတိယဥက္ကဋ္ဌ | (၂) ဦး |
| အတွင်းရေးမှူး | (၁) ဦး |
| တွဲဖက်အတွင်းရေးမှူး | (၂) ဦး |
| ဘဏ္ဍာရေးမှူး | (၁) ဦး |
| စာရင်းစစ် | (၁) ဦး |
| အလုပ်အမှုဆောင်အဖွဲ့ဝင် | (၇) ဦး |

ဟု ပြင်ဆင်ထားပါတယ်။

(ဃ) ဗဟိုကော်မတီသည် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးတစ်ဦး၊ လျှပ်စစ်စွမ်းအားဝန်ကြီးဌာန၊ ဒုတိယဝန်ကြီးတစ်ဦးတို့ အပါအဝင် ဝါရင့်ပညာရှင်များ ပါဝင်သည့် ခုနှစ်ဦးထက်မပိုသော နာယကအဖွဲ့ကို ဖွဲ့စည်းရမည်။

၈။ (ဃ) နာယကအဖွဲ့ကို ဖွဲ့စည်းခြင်း ဟု ဖြည့်စွက်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၈(ဃ) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း(၃)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၅၊ အပိုဒ် ၆(က)(ခ)(ဂ)(ဃ)၊ အပိုဒ် ၈(ဃ) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း (၄) အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃

၁၁။ ဒေသတွင်းအဖွဲ့ခွဲများကို အနည်းဆုံး တင်းပြည့် အဖွဲ့ဝင် (၁၅)ဦး ရှိသော ဒေသများတွင် ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲ၏ အစည်းအဝေးကို တစ်နှစ်လျှင် အနည်းဆုံးတစ်ကြိမ် ကျင်းပပြီး အောက်ပါတို့ကို ဆောင်ရွက်ရမည် -

၁၂။ နည်းပညာဆိုင်ရာ အဖွဲ့ခွဲများကို အပြည်ပြည်ဆိုင်ရာ တမံကြီးများ ကော်မရှင်၏ နည်းပညာဆိုင်ရာအဖွဲ့များ (Technical Committee) ကို အခြေခံ၍ ဘာသာရပ်အလိုက် စုစည်းကာ လိုအပ်ချက်နှင့်အညီ ဖွဲ့စည်းနိုင်သည်။ အဖွဲ့ခွဲများသည် မိမိတို့ဆက်စပ်ရာ ဘာသာရပ်အလိုက် အဖွဲ့ခွဲဝင်များကို စုစည်း၍ မိမိတို့အဖွဲ့ခွဲအလိုက် ဆောင်ရွက်မည့်လုပ်ငန်းများ သတ်မှတ်ခြင်း၊ အစည်း အဝေးကျင်းပခြင်း၊ ဆောင်ရွက်ချက်၊ ဆွေးနွေးချက်များနှင့် စပ်လျဉ်း၍ ဗဟိုကော်မတီသို့ တင်ပြဆောင်ရွက်ရမည်။

၁၃။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီလုပ်ငန်းများကို အထောက်အကူပြုရန် လိုအပ်သော အထူးအဖွဲ့များ၊ စီးပွားရေး အဖွဲ့အစည်းများကို သတ်မှတ်ချက်များနှင့်အညီ ဖွဲ့စည်းနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၄)၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၄)၊ အပိုဒ် ၁၁ ခြေဆင်း၊ အပိုဒ် ၁၂၊ အပိုဒ် ၁၃ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း (၅)၊ အပိုဒ် ၁၄ (က)(ခ)(င)(စ)(ဆ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅(ဆ)(ဇ)(ဈ)(ဌ)(ဍ)

၁၄။ ကော်မတီ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည် -

(က) တမံကြီးများ တည်ဆောက်၍ အသုံးချရာတွင် သဘာဝပတ်ဝန်းကျင် ရေရှည်တည်တံ့ရေး၊ ဘေးကင်းလုံခြုံ စိတ်ချစေရေးနှင့် စွမ်းဆောင်ရည်မြင့်မားသော ရင်းနှီးမြှုပ်နှံမှုဖြစ်စေရေးအတွက် အဖွဲ့ဝင်များ၏ အသိအမြင်များကို မြှင့်တင်ပေးခြင်း၊ ဖန်တီးနိုင်စွမ်းနှင့် စိတ်အားထက်သန်မှုတို့ကို တိုက်တွန်းအားပေးခြင်း၊

( ခ ) အရည်အသွေးမြင့်မားသော တမံကြီးများ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက် ပါဝင်ကြသော လူ့စွမ်းအား အရင်းအမြစ်များကို လေ့ကျင့်ပညာပေးခြင်းနှင့် လုပ်ငန်းစွမ်းရည်အဆင့် တိုးတက်မြင့်မားစေရန် ကူညီဆောင်ရွက်ပေးခြင်း၊ တိုက်တွန်းအားပေးခြင်း၊

( င ) ကော်မတီသည် ရေအရင်းအမြစ်များ ထုတ်နုတ် အသုံးချမှုဆိုင်ရာ အခြားဆက်စပ်အဖွဲ့အစည်းများနှင့် ပေါင်းစည်းညှိနှိုင်း၍ တမံကြီးများကို တည်ဆောက် အကောင်အထည် ဖော်ဆောင်ရွက်ရာတွင် ပူးပေါင်း တာဝန်ယူဆောင်ရွက်ခြင်း၊

( စ ) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းမှတစ်ဆင့် အပြည်ပြည်ဆိုင်ရာတမံကြီးများကော်မရှင်၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ဆက်ဆံဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ခြင်း၊

(ဆ) ကော်မတီအဖွဲ့ဝင်ဖြစ်သည့် လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ပညာရပ်ပိုင်းကျွမ်းကျင်မှုဆိုင်ရာ အခွင့်အရေးများကို ဥပဒေနှင့်အညီ အကာအကွယ်ပေးခြင်း။

၁၅။ ကော်မတီ၏လုပ်ပိုင်ခွင့်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(ဆ) တမံကြီးများ ဖွံ့ဖြိုးတိုးတက်မှုအတွက်အတွေ့အကြုံများ ဖလှယ်ဖြန့်ဝေခြင်း၊ လေ့ကျင့်မှု၊ ပို့ချမှုများ ပြုလုပ်ခြင်း၊ သုတေသန တွေ့ရှိချက်များဆိုင်ရာ အလုပ်ရုံ ဆွေးနွေးပွဲများကျင်းပခြင်း၊

( ဇ ) ဘာသာရပ်ဆိုင်ရာ ဆွေးနွေးပွဲများ အလုပ်ရုံ ဆွေးနွေးပွဲများ၊ နိုင်ငံတွင်းနှင့် အပြည်ပြည်ဆိုင်ရာ တမံကြီးများနှင့်ဆိုင်သော လုပ်ငန်းအုပ်စုများတွင် မိမိ၏အဖွဲ့ဝင်များကို ဥပဒေများနှင့်အညီ ပါဝင် ဆောင်ရွက်ရန် တာဝန် သတ်မှတ်ပေးခြင်း၊

( ဈ ) အဖွဲ့ဝင်များနှင့် တမံကြီးများ ဖွံ့ဖြိုးမှုဆိုင်ရာ လုပ်ငန်း အသီးသီးတွင် ပါဝင်ဆောင်ရွက်နေသူများကို လုပ်ငန်း ဆိုင်ရာသင်တန်းများ ပို့ချခြင်း၊

( ဌ ) အဖွဲ့ဝင်များအတွက် ပညာရပ်ပိုင်းဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ စိစစ်ရေးကတ်ပြားများ ထုတ်ဝေပေးခြင်း၊

(ၡ) အဖွဲ့ဝင် လူပုဂ္ဂိုလ်နှင့် အဖွဲ့အစည်းများအတွက် အရည်အသွေးနှင့် စည်းကမ်း လိုက်နာမှုဆိုင်ရာ အသိအမှတ်ပြုလက်မှတ်များ၊ ဂုဏ်ပြုမှတ်တမ်းများ ချီးမြှင့်ပေး အပ်ခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၅)၊ အပိုဒ် ၁၄ (က)(ခ)(င)(စ)(ဆ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅(ဆ)(ဇ) (ဈ)(ဋ)(ၡ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၅)၊ အပိုဒ် ၁၄ (က)(ခ)(င)(စ)(ဆ)၊ အပိုဒ် ၁၅ ခြေဆင်း၊ အပိုဒ် ၁၅(ဆ)(ဇ)(ဈ)(ဋ)(ၡ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၆(က)(ဃ)(င)၊ အပိုဒ် ၁၇(က)(ခ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ (ဃ) (၁)(၂)(၃)(၄)

## အခန်း (၆)

## အဖွဲ့ဝင်များ၏ တာဝန်နှင့် အခွင့်အရေးများ

၁၆။ အဖွဲ့ဝင်များ၏တာဝန်များမှာ အောက်ပါအတိုင်းဖြစ်သည်-

(က) ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းများကို အကောင်အထည်ဖော်ခြင်း၊ ကော်မတီ၏ ညွှန်ကြားချက်များကို အကောင်အထည်ဖော်ခြင်း၊ မိမိ၏စွမ်းဆောင်ရည် အလိုက် ကော်မတီလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခြင်း၊

(ဃ) ကော်မတီအဖွဲ့ဝင်များသည် ကော်မတီ၏ ရည်ရွယ်ချက်များကို ထိရောက်စွာ အကောင်အထည်ဖော်ဆောင် နိုင်ရေးအတွက် ကော်မတီ၏ လုပ်ငန်းရပ်များကို အခကြေးငွေ ရယူခြင်းမရှိဘဲ အစဉ်တစိုက် ပါဝင် ဆောင်ရွက်ခြင်း ဟု ပြင်ဆင်ထား ပါတယ်။

(င) ကော်မတီသို့ သတ်မှတ်ထားသည့် အခကြေးငွေများ ပေးသွင်းခြင်း ဟု ဖြည့်စွက် ထားပါတယ်။

၁၇။ အဖွဲ့ဝင်များ၏ အခွင့်အရေးများမှာ အောက်ပါအတိုင်း ဖြစ်သည် -

(က) ကော်မတီ၏ ဆောင်ရွက်မှုများ၊ ဆွေးနွေးမှုများတွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

(ခ) တွဲဖက်အဖွဲ့ဝင်များနှင့် ဂုဏ်ထူးဆောင်အဖွဲ့ဝင်များ မှအပဖြစ်သော အဖွဲ့ဝင်များသည် မဲပေးရွေးချယ်မှုနှင့် ဖွဲ့စည်းတာဝန်ပေးမှုတို့တွင် ပါဝင်ဆောင်ရွက်ခွင့်ရှိခြင်း၊

၁၈။ ကော်မတီသည် မြန်မာနိုင်ငံ၏ တမံကြီးများနှင့် ဆက်စပ် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော သို့မဟုတ် စိတ်ပါဝင်စားသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများသည် ကော်မတီ၏ ဖွဲ့စည်းပုံ စည်းမျဉ်းများကို သဘောတူပြီး ကော်မတီနှင့် ပူးပေါင်း ဆောင်ရွက်ရန် အဆိုပြုလာလျှင် ကော်မတီ၏ အဖွဲ့ဝင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင် သည်။ ဒီနေရာမှာ အဖွဲ့အစည်းများ (က) ဒီလိုဖြစ်မယ် (သည်) မဟုတ်တော့ဘူး။ အပေါ်မှာ ကော်မတီသည် မြန်မာနိုင်ငံ၏ တမံကြီးများနှင့် ဆက်စပ် လုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်နေသော သို့မဟုတ် စိတ်ပါဝင်စားသော နိုင်ငံ့ဝန်ထမ်းများအပါအဝင် မြန်မာနိုင်ငံသား လူပုဂ္ဂိုလ်တစ်ဦးချင်းနှင့် မြန်မာနိုင်ငံအတွင်း တရားဝင်ဖွဲ့စည်းထားသည့် အဖွဲ့အစည်းများက ကော်မတီ၏ ဖွဲ့စည်းပုံ စည်းမျဉ်းများကို သဘောတူပြီး ကော်မတီနှင့် ပူးပေါင်း ဆောင်ရွက်ရန် အဆိုပြုလာလျှင် ကော်မတီ၏ အဖွဲ့ဝင်အဖြစ် သတ်မှတ်ချက်များနှင့်အညီ ခွင့်ပြုနိုင်သည်။ ဒီလိုဖြစ်မယ်နော်။

၁၉။ ကော်မတီအဖွဲ့ဝင် အမျိုးအစားများနှင့် ပါဝင်ဆောင်ရွက်ခွင့်တို့မှာ အောက်ပါအတိုင်း ဖြစ်သည် -

(ဃ) ကော်မတီအဖွဲ့ဝင် အမျိုးအစားများနှင့် ယင်းတို့၏ ပါဝင်ဆောင်ရွက်ခွင့်တို့မှာ အောက်ပါအတိုင်း ဖြစ်သည် -

(၁) တင်းပြည့်အဖွဲ့ဝင်များ (Official Members) ဆိုသည်မှာ ကော်မတီ လုပ်ငန်းများနှင့် ဆုံးဖြတ်ချက်များတွင် အပြည့်အဝပါဝင် ဆောင်ရွက်ရန် အခြေအနေရှိသော ပြည်တွင်း အဖွဲ့ဝင်များဖြစ်သည်။

(၂) တွဲဖက်အဖွဲ့ဝင်များ (Associated Members) ဆိုသည်မှာ ကော်မတီတွင် ပူးပေါင်းပါဝင်ရန် ဆန္ဒရှိသော်လည်း ကော်မတီလုပ်ငန်းများတွင် အပြည့် အဝဆောင်ရွက်ရန် အခြေအနေ မရှိသောသူများ ဖြစ်သည်။

(၃) ဂုဏ်ထူးဆောင် အဖွဲ့ဝင်များ (Honorary Members) ဆိုသည်မှာ တမံကြီး များဆိုင်ရာ မြင့်မားသော လုပ်ငန်းစွမ်းဆောင်ရည်၊ ပညာ အရည်အချင်းနှင့် အတွေ့အကြုံရှိသူများ ဖြစ်ကြသော်လည်း ကော်မတီ၏ လုပ်ငန်းများတွင် တိုက်ရိုက်ပါဝင် ဆောင်ရွက်ရန် အခြေအနေ မပေးသည့်အတွက် ဂုဏ်ထူးဆောင် အဖွဲ့ဝင် များအဖြစ် အသိအမှတ်ပြုထားသူများဖြစ်သည်။

(၄) တွဲဖက်အဖွဲ့ဝင်များနှင့် ဂုဏ်ထူးဆောင် အဖွဲ့ဝင်များသည် ဗဟိုကော်မတီ၊ အလုပ် အမှုဆောင်ကော်မတီတို့တွင် ရွေးချယ်ခံခွင့်၊ မဲပေးခွင့်တို့မှအပ ကော်မတီက ခွင့်ပြုသည့်ကိစ္စများကို ပါဝင်ဆောင်ရွက်ခွင့်ရှိသည် ဟု ပြင်ဆင် ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း(၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၆ (က)(ဃ)(င)၊ အပိုဒ် ၁၇ (က)(ခ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ (ဃ) (၁)(၂)(၃)(၄) ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၆)၊ အခန်းခေါင်းစဉ်၊ အပိုဒ် ၁၆ (က)(ဃ)(င)၊ အပိုဒ် ၁၇ (က)(ခ)၊ အပိုဒ် ၁၈၊ အပိုဒ် ၁၉ (ဃ)(၁)(၂)(၃)(၄) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော်ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၇)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄

၂၀။ အထွေထွေညီလာခံအစည်းအဝေးကို နှစ်နှစ်လျှင်တစ်ကြိမ် ဗဟိုကော်မတီက ခေါ်ယူကျင်းပရမည်။

၂၁။ အထူးညီလာခံကို ဗဟိုကော်မတီဝင် သုံးပုံနှစ်ပုံနှင့်အထက် သို့မဟုတ် တရားဝင် အသိအမှတ်ပြု အဖွဲ့ဝင်စုစုပေါင်း၏ သုံးပုံတစ်ပုံနှင့် အထက်က တောင်းဆိုလျှင် အလုပ်အမှုဆောင် ကော်မတီက ခေါ်ယူပေးရမည်။

၂၂။ အထွေထွေညီလာခံသည် ပြီးခဲ့သည့် သက်တမ်းအတွင်း ဆောင်ရွက်ခဲ့သည့် အလုပ်အမှုဆောင်ကော်မတီ၏ အစီရင်ခံစာကို ဆွေးနွေး၊ ဆုံးဖြတ်၊ မှတ်တမ်းတင်ခြင်း၊ ဖွဲ့စည်းပုံစည်းမျဉ်းများ ပြင်ဆင်ခြင်း၊ ဗဟိုကော်မတီရုံးအတွက် ဝန်ထမ်းများကို ခန့်ထားရန် ဆုံးဖြတ်ခြင်းတို့ကို ဆွေးနွေးအတည်ပြု ဆောင်ရွက်ခွင့် ရှိသည်။

၂၃။ ဗဟိုကော်မတီ၏ ပုံမှန်အစည်းအဝေးများကို အနည်းဆုံး တစ်နှစ်လျှင် နှစ်ကြိမ် ကျင်းပရမည်။ အလုပ်အမှုဆောင် ကော်မတီသည် လိုအပ်ပါက ဗဟိုကော်မတီ အထူးအစည်းအဝေးကို ခေါ်ယူနိုင်သည်။

၂၄။ အလုပ်အမှုဆောင်ကော်မတီသည် ဗဟိုကော်မတီ၏ အမြဲတမ်းဦးဆောင် အဖွဲ့အစည်းဖြစ်ပြီး အထွေထွေညီလာခံနှင့် ဗဟိုကော်မတီတို့၏ဆုံးဖြတ်ချက်များကို အကောင်အထည်ဖော်ရန် တာဝန်ရှိသည်။ အလုပ်အမှုဆောင် ကော်မတီအစည်းအဝေးကို နှစ်လလျှင်အနည်းဆုံး တစ်ကြိမ်ကျင်းပပြီး ဥက္ကဋ္ဌကသော်လည်းကောင်း၊ အလုပ်အမှုဆောင် ကော်မတီဝင်ဦးရေ ထက်ဝက်ကျော်က သော်လည်းကောင်း အဆိုပြုလျှင် အထူးအစည်းအဝေး ခေါ်ယူနိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၇)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၇)၊ အပိုဒ် ၂၀၊ အပိုဒ် ၂၁၊ အပိုဒ် ၂၂၊ အပိုဒ် ၂၃၊ အပိုဒ် ၂၄ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၈)၊ အပိုဒ် ၂၅ (က)(ခ)(၃)(၄)(၅)

၂၅။ အဖွဲ့ဝင်အဖြစ်မှ နုတ်ထွက်ခြင်းနှင့် တာဝန်မှရပ်စဲခြင်းတို့ကို အောက်ပါနည်းလမ်းများ အတိုင်း ဆောင်ရွက်ရမည် -

(က) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုသည် ကော်မတီမှ နုတ်ထွက်လိုလျှင် အလုပ် အမှုဆောင်ကော်မတီသို့ စာဖြင့် တင်ပြရမည်။

(ခ) အဖွဲ့ဝင်တစ်ဦး သို့မဟုတ် အဖွဲ့ဝင် အဖွဲ့အစည်းတစ်ခုတွင် အောက်ဖော်ပြပါ အကြောင်း တစ်ရပ်ရပ် ပေါ်ပေါက်ကြောင်း စစ်ဆေးတွေ့ရှိခဲ့လျှင် အလုပ်အမှုဆောင် ကော်မတီသည် အဆိုပါ အဖွဲ့ဝင်အား အဖွဲ့ဝင် အဖြစ်မှ ရပ်စဲရမည် -

(၃) တည်ဆဲဥပဒေတစ်ရပ်ရပ်ကို ချိုးဖောက်ခြင်း၊

(၄) လူမွဲအဖြစ် သက်ဆိုင်ရာ တရားရုံး၏ ကြေညာခံရခြင်း၊

(၅) စိတ်ပေါ့သွပ်သည် ဟု သက်ဆိုင်ရာ ဥပဒေက ပြဋ္ဌာန်းထားသည့်အတိုင်း သတ်မှတ် ခံရခြင်း ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း (၈) အပိုဒ် ၂၅ (က)(ခ)(၃)(၄)(၅) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း (၈) အပိုဒ် ၂၅ (က)(ခ)(၃)(၄)(၅) သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင် ဖြည့်စွက်ချက် -

အခန်း(၉)၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇(ဂ)၊ အပိုဒ် ၂၈(ခ)၊ အပိုဒ် ၂၉

၂၆။ ကော်မတီ၏ ရန်ပုံငွေကို အဖွဲ့ဝင်များနှင့် အစုအဖွဲ့ဝင်များ၏ အသင်းဝင်ကြေးနှင့် ထည့်ဝင်ငွေများ၊ ကော်မတီက ဖွဲ့စည်းထူထောင်ထားသော စီးပွားရေး အဖွဲ့အစည်းများ၏ ဝင်ငွေများ၊ ပြင်ပ ပုဂ္ဂိုလ်တစ်ဦးချင်းနှင့် အဖွဲ့အစည်းများ၏ ထောက်ပံ့ငွေများနှင့် အခြားတရားဝင် ရငွေများဖြင့် ထူထောင် ထားရှိရမည် ဟု ပြင်ဆင်ထားပါတယ်။

၂၇။ (ဂ) ရန်ပုံငွေသုံးစွဲမှုကို စာရင်းစစ်ဆေးခံနိုင်ရန် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်း များနှင့်အညီ စီမံဆောင်ရွက်ထားရှိရမည် ဟု ဖြည့်စွက်ထားပါတယ်။

၂၈။ အတွင်းရေးမှူးများအဖွဲ့သည် ရန်ပုံငွေကို အောက်ပါ ကိစ္စရပ်များအတွက် သုံးစွဲခွင့်ရှိပြီး ရန်ပုံငွေ သုံးစွဲမှုများကို အနီးဆုံးကျင်းပသော အလုပ်အမှုဆောင်ကော်မတီ အစည်းအဝေးသို့ တင်ပြ၍ အတည်ပြုချက်ရယူရမည် -

(ခ) ကော်မတီဝန်ထမ်းများ၏ လစာ၊ ထောက်ပံ့ကြေး၊ ဝန်ထမ်းရေးရာ ကိစ္စများအတွက် သုံးစွဲခြင်း၊

၂၉။ အဖွဲ့ခွဲများသည် ဗဟိုကော်မတီက သတ်မှတ်အတည်ပြုထားသည့် ဘဏ္ဍာရေးနှင့် ငွေစာရင်း ဆိုင်ရာ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဘဏ္ဍာရေးနှင့် ငွေစာရင်းကို စီမံခန့်ခွဲရမည်။ ကော်မတီကို ဖျက်သိမ်းလျှင် သို့မဟုတ် ဖျက်သိမ်းရန်ရှိလျှင် ၎င်း၏ပိုင်ဆိုင်ပစ္စည်းများနှင့် ဘဏ္ဍာရေး စာရင်း ရှင်းတမ်းကို တည်ဆဲဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဆောင်ရွက်ရမည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ဖြည့်စွက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း ၉၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ (ဂ)၊ အပိုဒ် ၂၈ (ခ)၊ အပိုဒ် ၂၉ ပြင်ဆင်ဖြည့်စွက်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ဖြည့်စွက်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၉၊ အပိုဒ် ၂၆၊ အပိုဒ် ၂၇ (ဂ)၊ အပိုဒ် ၂၈ (ခ)၊ အပိုဒ် ၂၉ သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက် -

အခန်း(၁၁)၊ အပိုဒ် ၃၄၊ အပိုဒ် ၃၆(က)၊ အပိုဒ် ၃၇(က)(ခ)

၃၄။ အလုပ်အမှုဆောင်ကော်မတီသည် ကော်မတီရုံး၏ ဝန်ထမ်းများကို သတ်မှတ်ချက်နှင့်အညီ ခန့်ထားရမည်။ ကော်မတီရုံးသည် အတွင်းရေးမှူးများအဖွဲ့၏ လုပ်ငန်းများကို တာဝန်ခံဆောင်ရွက်ရမည်။

၃၆။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော ဗဟိုကော်မတီဝင်များ၊ အလုပ် အမှုဆောင် ကော်မတီဝင်များနှင့် နာယကအဖွဲ့ဝင်များသည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် တာဝန်ခံ ဝန်ကြီးဌာနက သတ်မှတ်ထားသည့်စရိတ်နှင့်ခံစားခွင့်များကို အောက်ပါ အတိုင်းခံစားခွင့်ရှိသည် -

(က) တာဝန်ခံဝန်ကြီးဌာနက အခါအားလျော်စွာ သတ်မှတ်ထားသည့် ခံစားခွင့်များကို ရပိုင်ခွင့်ရှိခြင်း၊

၃၇။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် -

(က) တာဝန်ခံဝန်ကြီးဌာနသည် ကော်မတီနှင့်ညှိနှိုင်း၍ နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ကော်မတီသည် တာဝန်ခံဝန်ကြီးဌာန၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ၊ အမိန့်ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည် ဟု ပြင်ဆင်ထားပါတယ်။

ဒီ ပြင်ဆင်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အခန်း ၁၁၊ အပိုဒ် ၃၄၊ အပိုဒ် ၃၆(က)၊ အပိုဒ် ၃၇(က)(ခ) ပြင်ဆင်ချက် အတည် ဖြစ်သည်။

ပြင်ဆင်ချက် အတည်ဖြစ်တဲ့အတွက် အခန်း ၁၁၊ အပိုဒ် ၃၄၊ အပိုဒ် ၃၆(က)၊ အပိုဒ် ၃၇(က)(ခ)သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ ပယ်ဖျက်ချက် -

မူလဥပဒေကြမ်း၏

အခန်း(၁၁)၊ အခန်းခေါင်းစဉ် ကို ပယ်ဖျက်ထားပါတယ်။

ဒီ ပယ်ဖျက်ချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် ပယ်ဖျက်ချက် အတည် ဖြစ်သည်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးဇော်မြင့်ဖေ ခုနက ဘာပြောဖို့ရှိသလဲ။ မိုက်တောင်းလိုက်ပါ။

**ဦးဇော်မြင့်ဖေ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ကျော်လည်းကျော်သွားလို့ အခု ဦးမျိုးမြင့်ကို ကျွန်တော်ထောက်ပြနေတာပါ။ ၁၆(က)မှာ ကော်မတီ၏ ဖွဲ့စည်းပုံစည်းမျဉ်းကို အကောင်အထည်ဖော်ခြင်းဆိုတာ မကောင်းဘူး။ လေးစားလိုက်နာခြင်း ဆိုတာ ပိုကောင်းမယ် ထင်ပါတယ်လို့ အဲဒါလေးတစ်ချက်ပါ။ ၁၆(က)။

**ဥက္ကဋ္ဌ**။ ။ ၁၆(က)မှာ ရပါတယ်။ ဒါက ဖွဲ့စည်းပုံစည်းမျဉ်းအရ အကောင်အထည်ဖော်လို့ရပါတယ်။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ နောက်တစ်ချက်ကတော့ အဲဒါလေးလည်း၊ ကျွန်တော် ဟို။ ရန်ပုံငွေထူထောင်ခြင်းပါ ခင်ဗျား။ ရန်ပုံငွေ ထူထောင်ခြင်းမှာ ကော်မတီက ထူထောင်သော စီးပွားရေး အဖွဲ့အစည်းများ၏ ဝင်ငွေ ပါနေပါတယ်။ အဲဒီတော့ သူက သူ့ရဲ့ ကော်မတီရဲ့ အခြေခံမူမှာက ကော်မတီကို အမြတ်အစွန်းအတွက်မဟုတ်ဘဲ လွတ်လပ်၍ ကိုယ်ပိုင်ရပ်တည်နိုင်သော အခြေခံမူများ နှင့် အညီတည်ထောင်ရမည် လို့ စီးပွားလုပ်ငန်းကို မလုပ်တဲ့ ကော်မတီ ဖြစ်နေပါတယ် ခင်ဗျား။ အဲဒီတော့ စီးပွားရေးကော်မတီများဖွဲ့လို့ရော ဘယ်လိုတုန်းဆိုတာ အဲဒါလေး မေးကြည့်တာပါ။

**ဥက္ကဋ္ဌ**။ ။ အပိုဒ်ကို ပြောလိုက်။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ အပိုဒ်က အခြေခံမူ ပုဒ်မ ၃။

**ဥက္ကဋ္ဌ**။ ။ မဟုတ်ဘူး။ မဟုတ်ဘူး။ ခုနက စီးပွားရေးလုပ်ငန်း ရန်ပုံငွေ ထူထောင်ခြင်း။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)**။ ။ ဟုတ်ကဲ့ခင်ဗျား။ ပုဒ်မ ၂၆ ခင်ဗျား။ ကော်မတီ၏ ရန်ပုံငွေကို အဖွဲ့ဝင်များနှင့် အစုအဖွဲ့ဝင်များ၏ အသင်းဝင်ကြေးနဲ့ ထည့်ဝင်ငွေများ၊ စာမျက်နှာ ၁၂ ပါ။

**ဥက္ကဋ္ဌ**။ ။ ဟုတ်တယ်။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ကော်မတီက ဖွဲ့စည်းထူထောင်သော စီးပွားရေးအဖွဲ့အစည်းများ၏ ဝင်ငွေများ။ ဒီတစ်ချက်က ပါသွားတော့ နောင်သောအခါမှာ ရှေ့က ပုဒ်မနဲ့များ ငြိမလား။ အဲဒါလေး စဉ်းစားတာပါ။

**ဥက္ကဋ္ဌ။** ။ contradict ဖြစ်မလား။ အဲဒီတော့ မူလဥပဒေကြမ်း တင်သွင်းတဲ့ ဦးမျိုးမြင့် ရှင်းပါ။

**ဥက္ကဋ္ဌ။** ။ ဦးဇော်မြင့်ဖေ မိုက်ပိတ်လိုက်ပါ။

**ဦးဇော်မြင့်ဖေ၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)။** ။ ဟုတ်ကဲ့။ ပိတ်လိုက်ပါမယ်။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ဒါကတော့ အခုလောလောဆယ်ကို ကျွန်တော်တို့ မြန်မာနိုင်ငံအင်ဂျင်နီယာကောင်စီ ဖွဲ့စည်းသလိုပဲ၊ ကျွန်တော်က Semi Governmental Organization အနေနဲ့ စတင်ပြီးတော့ ကျွန်တော်တို့ သွားဖို့ရည်ရွယ်ပြီးတော့ ဖွဲ့တာဖြစ်ပါတယ်။ တစ်ချိန်မှာကတော့ ကိုယ့်ခြေထောက်အပေါ် အပြည့်အဝ ရပ်ပြီးတော့ ကျွန်တော်တို့က တကယ့် Non-Governmental Organization အဖြစ် သွားမှာ ဖြစ်ပါတယ်။ အဲဒီတော့ အမြတ်အစွန်း အတွက် မလုပ်ရဘူး ဆိုတာ ကျွန်တော်တို့က ကော်မတီဝင်တစ်ဦးချင်းအနေနဲ့က မိမိရဲ့အမြတ်အစွန်းအတွက်ကို ကိုယ်ကျိုးအတွက်ကို မလုပ်ရဘူးဆိုပြီး ရည်ရွယ်ပြီး ဒါ ထည့်သွင်းခြင်း ဖြစ်ပါတယ်။ ဒါကိုလည်း ဥပဒေကြမ်းကော်မတီမှာလည်း တော်တော်လေး ကော်မရှင်အပါအဝင် ဆွေးနွေးပါတယ်။ ဘာလို့လည်းဆိုတော့ ဒီဟာ အရာရာတိုင်းမှာ ကျွန်တော်တို့က Focal Ministry အဖြစ်ရှိပေမယ့်လို့ ဒီ Focal Ministry ကို တင်ပြ တောင်းခံလို့မဖြစ်နိုင်တဲ့ အခြေအနေ လေးတွေ ရှိပါတယ်။ ဥပမာ ကျွန်တော်။

**ဥက္ကဋ္ဌ။** ။ ရပြီ။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ဟုတ်ကဲ့။ အဲဒါကြောင့် ----

**ဥက္ကဋ္ဌ။** ။ အမြတ်အစွန်းအတွက်မဟုတ်ဘဲ ဆိုတာဖျက်လိုက်ရင်ပြီးပြီ။

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ ဟုတ်ကဲ့။

**ဥက္ကဋ္ဌ။** ။ ဟုတ်တယ်မို့လား။ မူမှာ၊ (ဂ)မှာ ကော်မတီကို လွတ်လပ်၍ ကိုယ်ပိုင်ရပ်တည်နိုင်သော အခြေခံမူများနဲ့အညီ တည်ထောင်ရမည်။ ဒါ ရှင်းရှင်းလေးပဲ။ နော်။ အမြတ်အစွန်းအတွက်မဟုတ်ဘဲ ဆိုတဲ့အခါကျတော့၊ သွားပြီးတော့ Contradict ဖြစ်နိုင်တာပေါ့။ ဟုတ်ပြီလား။ အဲဒီတော့ ကျန်တာကတော့ နည်းဥပဒေတို့၊ ဘာတို့အပိုင်းမှာ ခင်ဗျားထည့်လို့ရတယ်။ နောက်တစ်ခုက အင်္ဂလိပ်လိုတွေ ဖြုတ်ပစ်လိုက်ပါ။ မြန်မာတရားဝင်ရုံးသုံးက မြန်မာစာပဲ။ ဥပဒေမှာ အင်္ဂလိပ်လို မထည့်ရဘူး။ ICOLD လို ဟာမျိုးကို နောက်ဆုံးမှာ Star ပြပြီးတော့ ဒါက အောက်ကနေပြီးတော့ Foot Notes နဲ့ပြ။ ဥပဒေထဲမှာ မြန်မာလိုပဲဖြစ်ရမယ် အကုန်လုံး။ အင်္ဂလိပ်လို တစ်လုံးမှမပါဘူး။ အဲဒီတော့ ဦးခင်မောင်ရီ တို့ မှတ်ထားပါ။ ရပြီနော်။

အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီ၏ အတည်ပြုချက် -

အဆိုပြုထားသည့် ဥပဒေကြမ်း၏

အခန်း(၁)၊ အပိုဒ် ၁၊ အပိုဒ် ၂(ဃ)(ဆ)၊

အခန်း(၂)၊ အပိုဒ် ၃(က)တို့နှင့် ပြောင်းလဲအမှတ်စဉ်ထားသည့်

အခန်း(၃)၊ အပိုဒ် ၇၊ အပိုဒ် ၈(က)(ခ)(ဂ)၊ အပိုဒ် ၉၊

အခန်း(၄)၊ အပိုဒ် ၁၀၊ အပိုဒ် ၁၁(က)(ခ)(ဂ)(ဃ)၊

အခန်း(၅)၊ အပိုဒ် ၁၄(ဂ)(ဃ)၊ အပိုဒ် ၁၅(က)(ခ)(ဂ)(ဃ)(င)(စ)(ည)(ဋ)

အခန်း(၆)၊ အပိုဒ် ၁၆(ခ)(ဂ)၊ အပိုဒ် ၁၇(ဂ)(ဃ)(င)(စ)၊ အပိုဒ် ၁၉(က)(ခ)(ဂ)

အခန်း(၈)၊ အပိုဒ် ၂၅(ခ)(၁)(၂)၊

အခန်း(၉)၊ အပိုဒ် ၂၇(က)(ခ)၊ အပိုဒ် ၂၈(က)(ဂ)(ဃ)၊ အပိုဒ် ၃၀၊

အခန်း(၁၀)၊ အပိုဒ် ၃၁၊ အပိုဒ် ၃၂၊

အခန်း(၁၁)၊ အပိုဒ် ၃၃၊ အပိုဒ် ၃၅၊ အပိုဒ် ၃၆(ခ)(ဂ)တို့ကို မူလအဆိုပြုချက်အတိုင်း ထားရှိရန် ဥပဒေကြမ်းကော်မတီက တင်ပြထားပါတယ်။

ဒီ တင်ပြချက်ကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် မူလအဆိုပြုချက်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်း အပိုဒ် ၁ မှ ၃၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆိုအတည်ဖြစ်တဲ့အတွက် အပိုဒ် ၁ မှ ၃၇ တို့သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (သြဘာသံများ)

ယခုအဆိုမှာ ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သင့်သည်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် ဤဥပဒေကြမ်းအမည်သည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်း ဖြစ်သည်။ (ဩဘာသံများ)

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)က မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံခြင်း**

**အချိန်၊ ၁၃း၅၉။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၈၊ နည်းဥပဒေခွဲ(ခ)အရ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးဖို့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ ဦးမျိုးမြင့် က အဆို တင်သွင်းရန် ဖြစ်ပါတယ်။

**အချိန်၊ ၁၃း၅၉။**

**ဦးမျိုးမြင့်၊ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)။** ။ လေးစားအပ်ပါသော အမျိုးသားလွှတ်တော်ဥက္ကဋ္ဌကြီးနှင့်တကွ အမျိုးသားလွှတ်တော်ကိုယ် စားလှယ်တော်ကြီးများ ခင်ဗျား။ ကျွန်တော်ကတော့ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆)မှ အမျိုးသားလွှတ်တော် ကိုယ်စားလှယ်ဦးမျိုးမြင့် ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ အမျိုးသားလွှတ်တော်သို့ ၁၉-၃-၂၀၁၅ ရက်နေ့က တင်သွင်းခဲ့တဲ့ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်ပြင်ဆင်ထားပြီးသော မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာဖြင့် အဆိုတင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ရှိပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ။** ။ အဆိုကို ထောက်ခံမယ့် လွှတ်တော်ကိုယ်စားလှယ်ကို ဖိတ်ခေါ်ပါတယ်။

**အချိန်၊ ၁၄း၀၀။**

**ဒေါ်ရီရီမြင့်၊ မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)။** ။ လေးစားရပါသော အမျိုးသားလွှတ်တော် ဥက္ကဋ္ဌကြီးရှင့်။ မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၆) အမျိုးသားလွှတ်တော် ကိုယ်စားလှယ် ဦးမျိုးမြင့်က မြန်မာနိုင်ငံတမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အတည်ပြုရန် အဆိုတင်သွင်းခြင်းအား မွန်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)မှ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ကျွန်မ ဒေါ်ရီရီမြင့် က ထောက်ခံအပ်ပါတယ်ရှင့်။

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းကို အတည်ပြုရန် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း

**အချိန်၊ ၁၄း၀၀။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အဆိုမှာ မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသား ကော်မတီ ဥပဒေကြမ်းကို ပြင်ဆင်ထားသည့် အတိုင်း အတည် ပြုရန် ဖြစ်ပါတယ်။

ဒီ အဆိုကို သဘောတူလျှင် တူတယ်လို့ပြောပါ။

သဘောမတူလျှင် မတူဘူးလို့ ပြောပါ။

လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။

[သဘောမတူသူ မရှိပါ။]

သဘောမတူတဲ့သူ မရှိတဲ့အတွက် အဆို အတည်ဖြစ်သည်။

အဆို အတည်ဖြစ်တဲ့အတွက် မြန်မာနိုင်ငံ တမံကြီးများဆိုင်ရာ အမျိုးသားကော်မတီ ဥပဒေကြမ်းသည် ပြင်ဆင်ထားသည့်အတိုင်း အတည်ဖြစ်သည်။ (သြဘာသံများ)

## အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော် (၄၇) ရက်မြောက်နေ့ အစည်းအဝေး ရပ်နားကြောင်းနှင့် (၄၈) ရက်မြောက်နေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း

**အချိန်၊ ၁၄း၀၂။**

**ဥက္ကဋ္ဌ။** ။ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခု အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေးရဲ့ (၄၇)ရက်မြောက်နေ့ကို ရပ်နားပါမယ်။ ပထမအကြိမ် အမျိုးသား လွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၈)ရက်မြောက်နေ့ကို ၂၀၁၅ ခုနှစ်၊ မေလ ၁၄ ရက် (ကြာသပတေးနေ့) နံနက် ၁၀း၀၀ နာရီအချိန်မှာ ဆက်လက် ကျင်းပမည် ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**အခမ်းအနားမှူး**။ ။ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံး ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် အမျိုးသားလွှတ်တော် (၁၂)ကြိမ်မြောက် ပုံမှန်အစည်းအဝေး (၄၇)ရက်မြောက် နေ့ကို ၁၄း၀၃ နာရီအချိန်တွင် ရပ်နားပါသည်။]